# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈)၊ အမှတ်(၁၈၂)၊ ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်၊ ၇–၆–၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဘင်းမ်စတက်ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် တည်ထောင်မှု (၂၈)နှစ်မြောက် အထိမ်းအမှတ်နေ့အတွက် ပေးပို့သည့်သဝဏ်လွှာ

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်)

ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ကဏ္ဍပေါင်းစုံ၊ နည်းပညာနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ် (ဘင်းမ်စတက်) ၏ ၂၈ နှစ်မြောက် နှစ်ပတ်လည်နေ့ မင်္ဂလာအခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ပြည်သူများကိုယ်စား ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံအစိုးရများနှင့် ပြည်သူများကို နွေးထွေးစွာ နှုတ်ခွန်းဆက်သလျက် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

လွန်ခဲ့သည့် ၂၈ နှစ်က ယခုကဲ့သို့နေ့မျိုးတွင် ဗန်ကောက်ကြေညာစာတမ်းကို လက်မှတ်ရေးထိုး၍ ဘင်းမ်စတက်ကို တည်ထောင်ခဲ့ကြပြီး တန်းတူညီမျှမှုနှင့် မိတ်ဖက်ဆက်ဆံရေးကို အခြေခံသော လက်တွဲကြိုးပမ်းအားထုတ်မှုများဖြင့် ဒေသတွင်းစီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုကို အရှိန်မြှင့်တင်ရန် ရည်ရွယ်သည့် အရေးကြီးသော ပလက်ဖောင်းတစ်ခု အစပြုခဲ့ပါသည်။

စာမျက်နှာ ၅ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှနှင့်အဖွဲ့ဝင်များ အရာရှိ၊ စစ်သည်မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြစဉ်။

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၆

သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းနိုင်စေရန်နှင့် ရာသီဥတုကို အထောက်အကူဖြစ်စေရန်၊ အရိပ်အာဝါသရရှိစေရန်၊ နိုင်ငံ့စီးပွားရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အသီးသီးတို့တွင် ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်မိုးရာသီ တစ်အုပ်တစ်မသစ်ပင်စိုက်ပျိုးပွဲများ ကျင်းပပြုလုပ်လျက်ရှိသည်။

စာမျက်နှာ ၃ သို့ ❑

၂၀၂၅ ခုနှစ်၊ ဇွန် ၇ ရက်၊ စနေနေ့။

# မိုးစပါး တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်လျက်ရှိ

မိုးစပါးစိုက်တောင်သူများအနေဖြင့် သတ်မှတ်ပန်းတိုင် အထွက်နှုန်းရရှိရေး လိုအပ်သည့် မျိုးကောင်းမျိုးသန့်များကို ရွေးချယ်စိုက်ပျိုးရေး စိုက်ပျိုးမြေ အရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ရေး၊ စိုက်ပျိုးရေ ဖူလုံစွာရရှိရေး၊ စိုက်နည်းစနစ် မှန်ကန်ရေးတို့ အလေးထားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ လိုအပ်သည့် မျိုးကောင်း မျိုးသန့်များနှင့် သွင်းအားစုများကို နိုင်ငံတော်ထောက်ပံ့ငွေ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ၊ သမဝါယမအသင်းရန်ပုံငွေ၊ သွင်းအားစုလုပ်ငန်းရှင်များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇွန် ၆ ရက် နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ငက်ကောင်းကျေးရွာမ္ဗာရုံ၌ ကျင်းပပြုလုပ်သည့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် စီမံကိန်းသီးနှံ မိုးစပါးအတွက် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး မျိုးစပါးနှင့် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲ အခမ်းအနား၌ ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် အသင်းသားတောင်သူများအနေဖြင့် ကိုယ်လုပ်မှုကိုယ်ရမှာဖြစ်၍ လုပ်ဆောင်ရမည့် စိုက်ပျိုးရေး လုပ်ငန်းစဉ်များအတိုင်း တိကျစွာလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ သတ်မှတ်ပန်းတိုင် အထွက်နှုန်းမရရှိပါက အားနည်းချက်၊ အားသာချက်များကို ဖော်ထုတ်ပြီး နောက်တစ်ကြိမ် ပြန်လည်စိုက်ပျိုးချိန်တွင် အားနည်းချက်များကို ပြုပြင်စိုက်ပျိုးသွားရန်လိုအပ်ကြောင်း၊ ဒါမှသာစိုက်ပျိုးသည့်သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိမှာဖြစ်ပြီး တောင်သူများ၏ ဝင်ငွေနှင့်လူနေမှုအဆင့်အတန်းမြင့်မားလာစေမှာ ဖြစ်သည့်အတွက် အစွမ်းကုန်ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားခဲ့သည်။ ပြည်ထောင်စုဝန်ကြီးက ပျဉ်းမနားမြို့နယ်အတွင်းရှိ မိုးစပါးစိုက်တောင်သူများအတွက် အောင်နိုင်တိုးမျိုးစပါးနှင့် သွင်းအားစုများထောက်ပံ့ပေးအပ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ကျေးရွာရှိ တောင်သူ (၁၀) ဦး၏ စိုက်ပျိုးမြေ ဧက (၃၀) အကျိုးပြုပေးလျက်ရှိသည့် မဲဇလီကုန်းကျေးရွာ ဆိုလာစိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်ထောင်စုဝန်ကြီးက တောင်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီးဖြစ်၍ တောင်သူများအနေဖြင့် ရာသီအလိုက် ဈေးကွက်ဝင်သည့် သီးနှံများကို သီးထပ် (၃)သီး စိုက်ပျိုးဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ လုပ်ငန်းများ ရေရှည်အသုံးပြုနိုင်ရေး ကော်မတီဝင်များမှ ဝိုင်းဝန်းထိန်းသိမ်းကြရန်နှင့် ပြင်ဆင် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ရေအသုံးပြုသူများထံမှ သင့်တင့်သည့် ရေခွန် ရေခများ ကောက်ခံထိန်းသိမ်းကြရန် လိုအပ်ကြောင်း၊ ကော်မတီဝင်များအနေဖြင့် ပွင့်လင်းမြင်သာစွာ တာဝန်ယူ ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

မိုးစပါးအတွက် တစ်ဧက ပန်းတိုင်အထွက်နှုန်းရရှိရေး အသင်းသားတောင်သူများ အချိန်မီ ထွန်ယက်၊ စိုက်ပျိုး၊ ရိတ်သိမ်းနိုင်ရေး၊ ထွက်ရှိလာသော သီးနှံများ ဈေးကွက်ရရှိရေး သက်ဆိုင်ရာတာဝန်ရှိသူများက ချိတ်ဆက်ဆောင်ရွက်ပေးရန်လိုအပ်မည်ဖြစ်ကြောင်း ရေးသားလိုက်ရပေသည်။

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေး ကျင်းပမည်

နေပြည်တော် ဇွန် ၆

နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒုတိယအစည်းအဝေးကို ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၃၊၁၄)ရက်၊ ဝါဆိုလဆန်း(၁၊၂)ရက် (၂၀၂၅ ခုနှစ်၊ ဇွန် ၂၃၊ ၂၄၊ ၂၅၊ ၂၆) တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့များတွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း (၃၊ ၄)ရက်၊(၂၀၂၅ ခုနှစ်၊ ဇွန် ၂၇၊ ၂၈ ရက်) သောကြာ၊ စနေနေ့များတွင် ဒုတိယအစည်းအဝေးကြီး ကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများသည် ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် (၁၂)ရက်၊(၂၀၂၅ ခုနှစ်၊ ဇွန် ၂၂ ရက်)၊ တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီ မရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **သတင်းစဉ်**

## အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၅ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် (ပထမအကြိမ်) ကျင်းပပြုလုပ်

**မန္တလေး ဇွန် ၆**

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ ၂၀၂၅ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်(ပထမအကြိမ်)ကို ယနေ့နံနက်ပိုင်းက အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်ရင်းတွင် ကျင်းပပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။



ရှေးဦးစွာ သစ်ပင်စိုက်ပျိုးရန်အတွက် တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် နေရာယူကြ၍ တိုင်းမှူးက ရတနာတန်းဝင် ကျွန်းပင်ကို စိုက်ပျိုးပေးပြီး တက်ရောက်လာသူများ၏ သစ်ပင်စိုက်ပျိုးနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကာ ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်နယ်များတွင်လည်း မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတော် (ပထမအကြိမ်)ကို ယနေ့တွင် အသီးသီး ဆောင်ရွက်ခဲ့ကြရာ တိုင်းစစ်ဌာနချုပ်နယ်မြေအတွင်း ရတနာတန်းဝင် ပင် ၅၁၁၆ ပင်၊ နှစ်ရှည်စားသုံးသီးနှံ ပင် ၅၇၇၇ ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင် ၉၈၀ ပင်၊ အရိပ်ရလေကာပင် ၁၈၁၆၈ ပင် စုစုပေါင်း ၃၀၀၄၁ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

(၀၃၈)

## ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ




**မန္တလေး ဇွန် ၆**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသောဈေးနှုန်းဖြင့် ယနေ့နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံ့ရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂ လမ်းကြား၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ မေဇင်သိန်းလမ်းတို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇွန် ၇ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ရွှေဘုန်းရှိန်ရပ်ကွက်၊ ၈၂လမ်း၊ ၄၂ လမ်းနှင့် ၄၃လမ်းကြားတွင်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ ၁၁၈လမ်း၊ ၄၆လမ်းနှင့် ၄၇လမ်းကြားတို့တွင်လည်းကောင်း ရောင်းချပေးသွားမည်ဖြစ်သည်။

ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

(မန္တလေးနေ့စဉ်-၆)

၀-၀-၀-၀-၀-၀

### သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဓမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၅ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြစဉ်။

❑ *ရွှေဖုံးမှ*

ယနေ့တွင် ၂၀၂၅ ခုနှစ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းဆည်အနီး၌ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရှိ ရုံးဌာနအသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

### သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကို ထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် သစ်ပင်များစိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကောင်းမွန်မှုကိုထိန်းသိမ်းရန်အတွက် စိုက်ပျိုးကြခြင်းဖြစ်ကြောင်း၊ အရိပ်အာဝါသကောင်းမွန်ပြီး စိမ်းလန်းစိုပြည်သည့်ပတ်ဝန်းကျင်ကို လူတိုင်းကြိုက်နှစ်သက်ကြကြောင်း၊ သဘာဝက ပေးထားသည့် စိမ်းလန်းစိုပြည်မှုများ လူများကြောင့် ထိခိုက်လျော့နည်းလာမှုကို လူများကပင် ပြန်လည်ထိန်းသိမ်းဖန်တီးပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ် ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးကြစဉ်။



ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး ကျော်စွာလင်း သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး ထိန်ဝင်း သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင် သတ်မှတ်နေရာတွင် သစ်ပင်စိုက်ပျိုးပေးစဉ်။

*စာမျက်နှာ ၃ မှ*

မိမိတို့အနေဖြင့် သစ်ပင်စိုက်ပျိုးပွဲများကျင်းပ၍ သစ်ပင်များစိုက်ပျိုးပေးကြခြင်းဖြစ်ပြီး တိုင်းစစ်ဌာနချုပ်အသီးသီး၌လည်း သစ်ပင်စိုက်ပျိုးပွဲများကို တစ်ချိန်တည်း၊ တစ်ပြိုင်တည်းကျင်းပ၍ သစ်ပင်များ စုပေါင်းစိုက်ပျိုးလျက်ရှိကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ရေဆင်းဆည်ပတ်ဝန်းကျင်၌ ၂၀၁၁ ခုနှစ်မှစတင်၍ သစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်ခဲ့ပြီး စုပေါင်းသစ်ပင်စိုက်ပျိုးခဲ့မှုမှာ ၄၁ ကြိမ် ရှိခဲ့ပြီဖြစ်ကြောင်း၊ တစ်ပင်စိုက်တစ်ပင်ရှင် စနစ်ဖြင့် မိမိတို့စိုက်ပျိုးသည့် သစ်ပင်များရှင်သန်ဖြစ်ထွန်းအောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **“အစကောင်းမှ အနှောင်းသေချာ”** ဆိုသည့်အတိုင်း အစကောင်းအောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုမှာ ၄၂ ဒသမ ၆ ရာခိုင်နှုန်းခန့်သာ ရှိတော့ကြောင်း၊ မိမိတို့တာဝန်ယူဆောင်ရွက်ချိန်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုလုပ်ငန်းများကို ပိုမိုအလေးထားဆောင်ရွက်ခဲ့ကြောင်း၊ ရေဝေရေလဲတောများရှိပါက ရေထိန်းသိမ်းမှုများကို ပိုမိုဆောင်ရွက်နိုင်သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ အလားတူ **“သစ်တစ်ပင်ကောင်း ငှက်တစ်သောင်း နားခိုနိုင်သည်”** ဟု ဆိုရိုးရှိကြောင်း၊ ထို့ကြောင့် သစ်ပင်စိုက်ပျိုးမှုများကို အကျိုးရှိစွာဖြင့် ဆောင်ရွက်ကြစေလိုကြောင်း။

ပြီးခဲ့သည့်နှစ်အတွင်း မိမိတို့နိုင်ငံအတွင်း မုန်တိုင်းမိုးကြောင့် ရေကြီးရေလျှံမှုများကို ခါးသီးစွာခံစားခဲ့ရကြောင်း၊ အလားတူ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွားခဲ့သည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့်လည်း ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများမှာ လူများကြောင့် ပျက်စီးမှုများရှိသကဲ့သို့ သဘာဝတရားကြီး၏ Climate Change ပြောင်းလဲမှုများကြောင့် ထိခိုက်မှုများလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် သဘာဝပတ်ဝန်းကျင်ကိုတတ်နိုင်သမျှ ထိန်းသိမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

**သဘာဝပတ်ဝန်းကျင် ပြောင်းလဲမှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာဖြင့် လေ့လာသိရှိနိုင်**

အသိပညာ၊ အတတ်ပညာများသည် စာအုပ်စာပေများ ဖတ်ရှုခြင်းအားဖြင့် ရရှိမည်ဖြစ်ပြီး မိမိတို့ဘဝအတွက် များစွာအထောက်အကူပြုစေကြောင်း၊ သဘာဝပတ်ဝန်းကျင်ပြောင်းလဲမှုနှင့် ထိန်းသိမ်းရန်လိုအပ်မှုများကိုလည်း စာအုပ်စာပေဖတ်ရှုမှုများမှတစ်ဆင့် ပိုမိုပြည့်စုံစွာဖြင့် လေ့လာသိရှိနိုင်ကြောင်း၊ မည်သည့်အရွယ်ပင်ဖြစ်စေ မိမိတို့တတ်နိုင်သမျှ စာအုပ်စာပေများကိုဖတ်ရှုခြင်းဖြင့် ဘဝအတွက် များစွာ အထောက်အကူပြုစေမည်ဖြစ်သောကြောင့် စာအုပ်စာပေများကို အမြဲမပြတ် ဖတ်ရှုလေ့လာကြစေလိုကြောင်း၊ မိမိတို့ကိုယ်တိုင်ဖတ်ရှုသကဲ့သို့ မိမိတို့မိသားစုဝင်များ၊ မိမိတို့ကွပ်ကဲအုပ်ချုပ်ရသူများကိုလည်း စာအုပ်စာပေများဖတ်ရှုစေပြီး အသိပညာများ မျှဝေပေးကြစေလိုကြောင်း၊ အလားတူ ကျောင်းနေအရွယ်ကလေးများအားလုံး ကျောင်းတက်ရောက်နိုင်ရေးအတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရည်မြင့်မားစေရေး အခြေခံပညာမှစ၍ အဆင့်မြင့်ပညာများ သင်ကြားပြီးဆုံးသည်အထိ တက်ရောက်ကြစေရေး နိုင်ငံ၏တစ်ထောင့်တစ်နေရာမှ အားပေးလုပ်ဆောင်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့် ဇနီး၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ)နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အခမ်းအနားတက်ရောက်လာကြသည့် အရာရှိ၊ စစ်သည် မိသားစုများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြသည်။ ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ၊ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

> **“ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စိုက်ပျိုးခဲ့”**

**၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ ရေဆင်းဆည်ပတ်ဝန်းကျင်၌ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်**

ယနေ့ပြုလုပ်သည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲတွင် ရတနာတန်းဝင်ကျွန်း အပင် ၉၀၀၊ ပျဉ်းကတိုး အပင် ၆၀၀၊ ပိတောက် အပင် ၃၀၀၊ မဟော်ဂနီ အပင် ၆၀၀ စုစုပေါင်း အပင် ၂၄၀၀ အား စုပေါင်းစိုက်ပျိုးခဲ့ကြသည်။ ရေဆင်းဆည်ပတ်ဝန်းကျင်၌ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်ထိန်းသိမ်းရေးအတွက် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုများအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၅ ခုနှစ် ပထမအကြိမ် သစ်ပင်စိုက်ပျိုးပွဲအထိ သစ်ပင်စိုက်ပျိုးပွဲတော် စုစုပေါင်း ၄၂ ကြိမ်ကျင်းပပြုလုပ်၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်နှင့် အရိပ်ရလေကာပင် စုစုပေါင်း ၂၀၃၆၂၅ ပင်အား စိုက်ပျိုးခဲ့ပြီးဖြစ်သည်။

**တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စုပေါင်းစိုက်ပျိုးပေးနိုင်ခဲ့**

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီး၌လည်း မိုးရာသီသစ်ပင်စိုက်ပွဲများကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၈၀၄၃ ပင်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၀၅၀၀၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၇၀၂၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၇၅၈ ပင်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၌ ၁၁၉၂၅ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၁၅၇၇၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၉၅၇၃ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၁၈၀၉၄ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၆၈၂၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ ၉၁၄၂ ပင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၃၀၀၄၁ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၈၇၅၁ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး ယနေ့တွင် တပ်မတော်အနေဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအပါအဝင် တိုင်းစစ်ဌာနချုပ်အသီးသီးနှင့် တပ်ရင်း၊ တပ်ဖွဲ့များ၌ စုစုပေါင်းသစ်ပင် ၁၅၂၈၄၄ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❖ ရှေ့ဖုံးမှ

မကြာသေးမီက ကျင်းပခဲ့သည့် ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးသို့ ပါဝင်တက်ရောက်ခဲ့မှု၊ လေးစားရသော ဘင်းမ်စတက်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုများ၊ ဆဋ္ဌမအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကြေညာစာတမ်း၊ ဘင်းမ်စတက် ဗန်ကောက်မျှော်မှန်းချက် ၂၀၃၀ နှင့် ဘင်းမ်စတက်ယန္တရားများဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို အတည်ပြုချမှတ်နိုင်ခဲ့မှုနှင့် မိမိတို့ဝန်ကြီးများက ပင်လယ်ရေကြောင်းပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့မှုတို့ကို မိမိအနေဖြင့် ကျေနပ်စွာဖြင့် ဂုဏ်ယူစွာ ပြန်ပြောင်းအမှတ်ရမိပါသည်။ ဤအောင်မြင်မှုများသည် ဘင်းမ်စတက်လုပ်ငန်းစဉ်ကို ပြန်လည်အားဖြည့်ပေးပြီး ဘင်းမ်စတက်ကို အဖွဲ့ဝင်နိုင်ငံများ၏ မျှော်မှန်းချက်များကို ဖြည့်ဆည်းပေးနိုင်မည့်တက်ကြွ၍ ရလဒ်ကိုအခြေပြုသည့် အဖွဲ့အစည်းအဖြစ် အသွင်ပြောင်းရန် လှုံ့ဆော်ပေးမည်ဟု ယုံကြည်ပါသည်။

ဘင်းမ်စတက်အထိမ်းအမှတ်နေ့သည် မိမိတို့ဒေသ၏ ကြီးမားသောအလားအလာနှင့် မိမိတို့၏ ဘုံရည်မှန်းချက်များ ရရှိအောင်မြင်ရန် ပူးပေါင်းဆောင်ရွက်ခြင်း၏စွမ်းအားကို အမှတ်ရစေပါသည်။ မိမိတို့၏ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေရန်၊ အပြန်အလှန်နားလည်မှုကို အားပေးရန်၊ ဘင်္ဂလားပင်လယ်အော်ဒေသတွင်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့်သာယာဝပြောရေးကို မြှင့်တင်ရန်နှင့် မိမိတို့၏ အနာဂတ်မျိုးဆက်သစ်များအတွက် ဤအခွင့်အရေးကို ဆုပ်ကိုင်ကြရန် တိုက်တွန်းအပ်ပါသည်။

အတူတကွ ပူးပေါင်းဆောင်ရွက်ကြခြင်းဖြင့် ဘုံစိန်ခေါ်မှုများကို ကျော်လွှားနိုင်ပြီး ပိုမိုခိုင်မာသော၊ ပိုမိုကြံ့ကြံ့ခံနိုင်စွမ်းရှိသော ဘင်းမ်စတက်အသိုက်အဝန်းကို တည်ဆောက်နိုင်မည် ဖြစ်ပါသည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့်ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး အား

# မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စ မာကျား လာရောက်တွေ့ဆုံ



နေပြည်တော် ဇွန် ၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးအား မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စမာကျားက ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်တွေ့ဆုံခဲ့ကြောင်း သိရသည်။(ဓာတ်ပုံ)

ထိုသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ငလျင်ဘေးဒဏ်အပြီး ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် ပါဝင်ကူညီနိုင်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ ကာကွယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

□ စာမျက်နှာ ၂၄ မှ

၁၀ ယောက်သာရှိသည့် ကိုးဖွတ်မြို့၊ လူဦးရေ ၂၂ ယောက်သာရှိသည့် ဝစ်မန်းမြို့နှင့် လူဦးရေ ၂၅ ယောက်သာရှိသည့် ဒတ်ယော့မြို့တို့ဖြစ်သည်။ ကြားစခန်းများတွင်လည်း ခရီးသွား စခန်းချသူများသာရှိပြီး ထိုနေရာတွင် မည်သူမျှနေထိုင်ခြင်းမရှိပါ။ လမ်းပိုင်း၏ အများစုကို ကျောက်စရစ်ဖြင့် ခင်းထားပြီး ၁၀၉ မိုင်ခန့်ကို ကတ္တရာခင်းထားသည်။ အရေးပေါ်အခြေအနေ ကြုံလာပါက လမ်းပေါ်တွင် သွားလာနေသူများသည် အသက်ရှင်သန်ရေးအတွက် ရှေးဦးသူနာပြုပစ္စည်း ကိရိယာများနှင့် အခြားကားပြင်ဆင်ရန် ပစ္စည်းများ ယူဆောင်လာရန် ညွှန်ကြားထားသည်။

၁၉၇၀ ပြည့်နှစ်များအတွင်းက အလက်စကာ ဖြတ်ကျော်ရေနံပိုက်လိုင်း ဖောက်လုပ်ရန်အတွက် တည်ဆောက်ထားသော ဤကျောက်စရစ် အဝေးပြေးလမ်းမကြီးသည် ကွေ့ကောက်သော၊ သစ်တောထူထပ်သော တောင်ကုန်းတောင်တန်းများ၊ ယူကွန်မြစ်နှင့် အာတိတ်စက်ဝိုင်းရှိ ကြမ်းတမ်းသော ချောင်းငယ်များပေါ်များသည့်နေရာများကို ဖြတ်သန်းပြီး အလယ်ပိုင်းဆင်ခြေလျှောဒေသမှ အာတိတ်သမုဒ္ဒရာအထိ ဖြတ်သန်းဖောက်လုပ်ထားကာ ၁၉၉၄ ခုနှစ်တွင် အများပြည်သူ အသုံးပြုရန် ခွင့်ပြုခဲ့ပြီးနောက်ပိုင်း အသုံးပြုသူ များလာခဲ့သည်။

ဤလမ်းသည် သာမန်ဖောက်လုပ်ထားသောလမ်းမျိုးမဟုတ်ဘဲ မကြာခဏပြင်ဆင်ရသည့် လမ်းမျိုးဖြစ်သည်။ လမ်းသည် ကျဉ်းမြောင်းကြမ်းတမ်း မတ်စောက်ပြီး အများစုမှာ ကျောက်စရစ်ခဲများဖြစ်သည်။ ဖုန်မှုန့်များ၊ ရွှံ့နွံများပေါများသည့် အပြင် ရုတ်တရက် ကျောက်ကလိုင်ပေါက်များထဲသို့ ကားများ ကျရောက်တတ်သည်။ မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများ၊ စက်ဘီးစီးသူများသည် တောရိုင်းတိရစ္ဆာန်များ ဖြတ်ကျော်မှုများကို သတိထားရန်လိုအပ်သည်။ အထူးသဖြင့် ၄င်းလမ်းမကြီးသည် ကုန်တင်ကားကြီးများ အဓိကသွားလာသည့် လမ်းတစ်ခုဖြစ်သည်။

ကိုးဖွတ်မြို့ မြောက်ဘက်တွင် နှင်းများနှင့် ရေခဲများကို ကြုံတွေ့ရနိုင်သည်။ မိုးကြိုးလျှပ်စီးများကြောင့် ဖြစ်ပေါ်တတ်သော တောမီးလောင်မှုများလည်းဖြစ်ပွားတတ်သည်။ မိုဘိုင်းဆဲလ်ဖုန်း ဆက်သွယ်ရန် အလွန်အကန့်အသတ်ရှိသောဒေသဖြစ်သည်။ လမ်းခရီးတစ်လျှောက်တွင် ဆေးဘက်ဆိုင်ရာ အဆောက်အအုံများနှင့် ကုန်စုံဆိုင်များ မရှိသဖြင့် ကြိုတင်ပြင်ဆင်ပြီးမှသာ သွားလာသင့်သော လမ်းမျိုးဖြစ်သည်။ ဤအုံ့ဩဖွယ်ခရီးကို သွားမည်ဆိုပါက ကားတာယာ၊ အင်ဂျင်ဝိုင်နှင့် စက်သုံးဆီများကို သေချာစစ်ဆေးရန် လိုအပ်ပြီး ဂြိုဟ်တုတယ်လီဖုန်းအပြင် စက်သုံးဆီနှင့် တာယာအပိုများ ဆောင်သွားသင့်ကြောင်း အကြံပြုထားသည်။

ဤအဝေးပြေးလမ်းမကြီး တစ်လျှောက်တွင် တောင်တက်ခြင်း၊ လှေစီးခြင်း၊ ရွှေကျင်ခြင်း၊ တောရိုင်းတိရစ္ဆာန်များ ကြည့်ရှုခြင်းအထိ အပန်းဖြေရန် အခွင့်အလမ်းများစွာရှိသည်။ ထိုဒေသရှိ မြေယာစီမံခန့်ခွဲမှု ဗျူရိုသည် ထိုလမ်းမကြီးတစ်လျှောက်တွင် မေလနှောင်းပိုင်းမှ စက်တင်ဘာလအစောပိုင်းအထိ ဖွင့်လှစ်ထားသော စခန်းချနိုင်သည့် စခန်းလေးခုကို ထိန်းသိမ်းထားပြီး အဝေးပြေးလမ်းမကြီး တစ်လျှောက်ရှိ အမှိုက်များကို အနီးဆုံး ဖဲယားဘန့်စ်မြို့သို့ နှစ်စဉ် အမှိုက်တန်ချိန် ၂၀ ခန့်ကို သွားရောက်စွန့်ပစ်ပေးသည်။

အလက်စကာပြည်နယ်၏ ဥပဒေများအရ ယူကွန်မြစ်မြောက်ဘက်ပိုင်းရှိ အဝေးပြေးလမ်းမကြီး၏ တစ်ဖက်တစ်ချက်စီ ၅ မိုင်အကွာ၌ နှင်းလျှောစီးဆိုင်ကယ်များ စီးနင်းခြင်းအပါအဝင် ယာဉ်များကို လမ်းပိတ်ဆို့၍ ရပ်နားထားခြင်းများကို တားမြစ်ထားကာ အမဲလိုက်ခြင်းကိုမူ အကန့်အသတ်ဖြင့် ခွင့်ပြုထားသည်။ အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် တစ်နှစ်ပတ်လုံး ပြုပြင်ထိန်းသိမ်းရေးစခန်း ခုနစ်ခုကို နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီခွဲ အထိ ဖွင့်လှစ်ထားပြီး စခန်း တစ်ခုစီသည် မိုင် ၆၀ မှ ၇၀ ခန့်အတွင်း အကွာအဝေးတွင် ရှိကြသည်။

ချမ်းပြည့်ကို(ကိုးကား- အင်တာနက်)

## မြန်မာ ယူ-၁၉ အမျိုးသမီးအသင်း ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့သို့ ထွက်ခွာ

ရန်ကုန် ဇွန် ၆

အာဆီယံ ယူ-၁၉ အမျိုးသမီး ချန်ပီယံရှစ်ပြိုင်ပွဲဝင်မည့် မြန်မာအသင်းသည် ယနေ့နံနက်ပိုင်းက ပြိုင်ပွဲကျင်းပရာ ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့သို့ ထွက်ခွာသွားပြီဖြစ်သည်။

အာဆီယံ ယူ-၁၉ အမျိုးသမီးပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စု(A)တွင် အိမ်ရှင် ဗီယက်နမ်၊ လာအို၊ တီမောတို့နှင့်အတူ ကျရောက်နေပြီး အုပ်စု(B)တွင် ထိုင်း၊ ကမ္ဘောဒီးယား၊ မလေးရှား၊ အင်ဒိုနီးရှားတို့ ပါဝင်သည်။

ယူ-၁၉ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် ဇွန် ၉ ရက်တွင် အိမ်ရှင် ဗီယက်နမ်၊ ဇွန် ၁၁ ရက်တွင် လာအို၊ ဇွန် ၁၃ ရက်တွင် တီမောအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ယူ-၁၉ မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းကို နည်းပြချုပ်အဖြစ် ဒေါ်သက်သက်ဝင်းက ကိုင်တွယ်မည်ဖြစ်သည်။

(NGB)




သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ။

၁ စာမျက်နှာ ၂၄ မှ

ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အစည်းအဝေး တက်ရောက်လာကြသူများသည် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် အသက်ဆုံးရှုံးခဲ့မှုများနှင့် ပျက်စီးဆုံးရှုံးမှုများအတွက် စာနာနားလည်မှုနှင့်အတူ ထပ်တူဝမ်းနည်းကြေကွဲခြင်း အထိမ်းအမှတ်အဖြစ် တစ်မိနစ်ငြိမ်သက်စွာ ဦးညွှတ်ဂါရဝပြုကြသည်။

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ရစ်(ခ်)တာစကေး ၇ ဒသမ ၇ ဖြင့် လှုပ်ခတ်ခဲ့သည့် အင်အားပြင်းမန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့မှုများနှင့် စပ်လျဉ်း၍ ပြန်လည်ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ယနေ့အစည်းအဝေးတွင် ပြန်လည်ဆွေးနွေးပြီး ပြီးစီးသည့် အခြေအနေကို ပို၍ယုံကြည်စိတ်ချမှုရှိအောင်၊ ပြင်ဆင်ဆဲဆောင်ရွက်နေသည်များကို ရေရှည်တည်တံ့အောင်နှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းကိစ္စရပ်များနှင့် ကျန်ရှိသည့် လုပ်ငန်းများကို အချိန်ကာလအလိုက် ဆောင်ရွက်သွားရန်အတွက် ညှိနှိုင်းဆွေးနွေးရန် ပြုလုပ်ခြင်းဖြစ်ကြောင်း။

### ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့

မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအနေဖြင့် ယနေ့အထိ သေဆုံးသူ ၃၇၃၉ ဦး၊ ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၇ ဦးရှိကြောင်း၊ ထို့ပြင် နေအိမ်အဆောက်အအုံ ၆၃၀၀၀ ကျော်နှင့် စာသင်ကျောင်းများ၊ ဘုရားကျောင်း ကန်စေတီများ၊ လမ်းတံတားများ များစွာ ထိခိုက်ပျက်စီးခဲ့ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ငလျင်လှုပ်ခတ်ပြီး နာရီပိုင်းအတွင်း ဘေးဒုက္ခခံစားခဲ့ရသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အမြန်ဆုံးကယ်ဆယ်နိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ ငလျင်ဒဏ်ခံခဲ့ကြရသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ဝန်ကြီးချုပ်များကလည်း အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံတကာ၏ ကူညီပံ့ပိုးမှုများကို ကြည့်မည်ဆိုပါက အရေးပေါ်ကယ်ဆယ်ရေးအဖွဲ့ စေလွှတ်ခဲ့ကြသည့် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ရှာဖွေကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်ရေး အဖွဲ့ဝင် ၂၆၈၈ ဦးကို စေလွှတ်ခဲ့ကြောင်း၊ အစောဆုံးအနေဖြင့် အိမ်နီးချင်းနိုင်ငံဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံကရောက်ရှိပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ အလားတူ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များကလည်း နိုင်ငံတကာမှ အရေးပေါ်ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို စွမ်းစွမ်းတမံဆောင်ရွက်ခဲ့ကြောင်း။

ယင်းကိစ္စနှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်လှုပ်ခတ်ပြီး အချိန်ပိုင်းအတွင်း နိုင်ငံတကာသို့ အကူအညီတောင်းခံမှု အကျိုးဆက်အဖြစ် ငလျင်ကြောင့် ဘေးဒုက္ခခံစားနေကြရပြီး ပိတ်မိနေကြသည့် ပြည်သူများ၊ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများကို အတတ်နိုင်ဆုံးနှင့် အမြန်ဆုံး အသက်ရှင်လျက် ကယ်ဆယ်နိုင်ခဲ့ကြောင်း၊ ထို့ပြင် ထောက်ပံ့ရေးပစ္စည်းများအနေဖြင့် နိုင်ငံပေါင်း ၁၉ နိုင်ငံမှ စာနာထောက်ထားမှုပစ္စည်းနှင့် ဆေးဝါး စုစုပေါင်း တန်ချိန် ၂၄၇၂ တန်ကို လေယာဉ်အစင်းပေါင်း ၁၀၀၊ ရေယာဉ်ပေါင်း ၈ စင်းနှင့် မော်တော်ယာဉ် ၂ စီးဖြင့် ပို့ဆောင်ထောက်ပံ့ပေးခဲ့ကြောင်း၊ နိုင်ငံတကာမှ ကူညီကယ်ဆယ်ရေးအဖွဲ့များ၏ လုပ်ငန်းအတွေ့အကြုံများနှင့် ဗဟုသုတများကို မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့ဝင်တို့က ရရှိခဲ့သည့်အတွက် တန်ဖိုးမဖြတ်နိုင်သည့် ကိစ္စရပ်ပင်ဖြစ်ကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသုံးပြုသော နည်းပညာမြင့်မားသည့် ပစ္စည်းကိရိယာများ၏ သုံးစွဲပုံ၊ သုံးစွဲနည်းများကို မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့အနေဖြင့် အနီးကပ် ပူးပေါင်းဆောင်ရွက်ခဲ့ရသည့်အတွက် အတွေ့အကြုံကောင်းများ ရရှိခဲ့ကြောင်း၊ ထိုကဲ့သို့ စွမ်းစွမ်းတမံအကူအညီများ ရရှိခဲ့သည့်အတွက် ငလျင်ကြောင့် ဘေးဒုက္ခခံစားရသူများကို အမြန်ဆုံး ကယ်ဆယ်နိုင်ခဲ့ပြီး ပြန်လည်ထူထောင်ရေး ကိစ္စရပ်များကိုလည်း အမြန်ဆုံး ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း။

> ❝ ဘေးဒုက္ခရောက်ခဲ့သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေများ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအဖြေလွှာများ မီးလောင်ခဲ့သည့် ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးသုံးခုမှ အခြေခံပညာအထက်တန်း Grade -12 စာမေးပွဲပြန်လည် ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၅၉၂၂ ဦးနှင့် ယင်းတို့ကို အနီးကပ် သင်ကြားပေးမည့် ဆရာ ဆရာမ ၆၇၂၉ ဦးတို့အတွက် Camp အတွင်း နေထိုင် စားသောက်ရေးစရိတ်များ၊ စာရေးကိရိယာဖြည့်ဆည်းပေးမှုစရိတ်များ၊ အဝေးမှ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချပေးကြသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ခရီးစရိတ်၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ်ဘီလီယံ ၂၀ ကို နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ယခုလတွင် ထောက်ပံ့ပေးခဲ့၊ ထိုထောက်ပံ့ငွေများတွင် ခရီးစရိတ်များ၊ စားစရိတ်များ၊ နေ့တွက် စရိတ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများပါဝင်၊ ငလျင်ဘေးသင့် ပြည်သူများ၏ နေအိမ်များပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်မှထောက်ပံ့ပေးရန် DMC မှ တွက်ချက်ထားပြီးဖြစ်၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိ၊ အဆိုပါအိမ်များ ပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီထောက်ပံ့ပေးသွားမည် ❞

ယနေ့အထိ စာရင်းများအရ ပြည်တွင်း၊ ပြည်ပ စေတနာရှင်ပြည်သူများက လှူဒါန်းမှု ၄ ကြိမ်အတွင်း ငွေကျပ် ၁၄၄ ဘီလီယံကျော် ရရှိခဲ့ကြောင်း၊ ထို့အတူ နိုင်ငံတကာမှ အစိုးရအဖွဲ့များ၊ မြန်မာနိုင်ငံမှ ပြည်ပရောက် စေတနာရှင်များ လှူဒါန်းမှုအနေဖြင့် အမေရိကန်ဒေါ်လာ ၅ ဒသမ ၁ သန်း၊ ကိုရီးယားဝမ် ၅ သန်း၊ အိန္ဒိယ ရူပီး ၁၆ သန်း၊ ထိုင်း ဘတ် ၂ သန်း၊ စင်ကာပူဒေါ်လာ ၃၁၅၀၊ တရုတ်ယွမ် ၇၀၀၊ သီရိလင်္ကာ ရူပီး ၂ သိန်းခွဲ၊ နီပေါ ရူပီး ၃၇၀၀၀၊ ဘင်္ဂလားဒေ့ရှ် တာကာ ၃၁၆၀၊ ဗီယက်နမ် ဒေါင် ၉၇၉၀၀၀၊ အင်ဒိုနီးရှား ရူပီး ၂၀၀၀၀၊ ကမ္ဘောဒီးယား ရီရယ် ၇၁၆၅၀၀ ၊ လာအို ကစ် ၁ ဒသမ ၇ သန်းကျော်၊ ရုရှား ရူဘယ် ၂၆၃၀၀၀ ကျော် ရရှိခဲ့ကြောင်း။

### ကျေးဇူးတင်ရှိ

ယခုကဲ့သို့ နိုင်ငံတကာ ကူညီကယ်ဆယ်ရေးနိုင်ငံ ၂၅ နိုင်ငံနှင့် ကယ်ဆယ်ရေးပစ္စည်းပေးပို့သည့်နိုင်ငံ ၁၉ နိုင်ငံနှင့် ဝိုင်းဝန်းကူညီပေးခဲ့ကြသည့် ကယ်ဆယ်ရေး အဖွဲ့ဝင်များကို နိုင်ငံတော်ကိုယ်စား၊ ပြည်သူများကိုယ်စား၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဗဟိုဌာနကိုယ်စား ကျေးဇူးတင်ရှိကြောင်းကို ယခုအစည်းအဝေးတွင် ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံအတွင်း သဘာဝဘေးဒုက္ခကြုံတွေ့ခဲ့ချိန်များတွင် စာနာထောက်ထားမှုစေတနာမေတ္တာ အပြည့်အဝဖြင့် လှူဒါန်းပေးခဲ့ကြသည့် စေတနာရှင်ပြည်သူများကိုလည်း ကျေးဇူးတင်ရှိကြောင်းကို ထပ်မံပြောကြားလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ငလျင်ဘေးနှင့်ပတ်သက်၍ လာရောက်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည့် နိုင်ငံများအလိုက် အဖွဲ့များကို အမှတ်တရဂုဏ်ပြုတံဆိပ်များ ပေးပို့ရေးလမ်းညွှန်ချက်အပေါ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တစ်ဆင့် ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံများအလိုက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများကိုလည်း ပေးအပ်သွားမည်ဖြစ်သဖြင့် သက်ဆိုင်ရာတာဝန်ရှိသူများက ပြုစုပေးပို့နိုင်ရေး လျာထားဆောင်ရွက်သွားရန်လိုကြောင်း။

၎င်းအပြင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် နိုင်ငံတကာနှင့် ပြည်တွင်းမှ လှူဒါန်းသည့် စေတနာရှင်ပြည်သူများ၏ အလှူငွေများနှင့် ပစ္စည်းများ ရောက်ရှိလာသည့်အပေါ်မူတည်၍ ငလျင်ဒဏ်သင့်ဒေသများရှိ ပြည်သူများထံသို့ လက်ဝယ်အရောက် အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးရန် ညွှန်ကြားထားကြောင်း၊ မိမိတို့အနေဖြင့်လည်း ရောက်ရှိလာသည့် ပစ္စည်းများကို စာရင်းများပြုစုပြီး ပွင့်လင်းမြင်သာမှုရှိစွာ စနစ်တကျဖြင့် ငလျင်ဒဏ်သင့်ဒေသများမှ ပြည်သူများထံသို့ အချိန်နှင့်တစ်ပြေးညီ ဖြန့်ဝေပေးလျက်ရှိပြီး ထိုသို့ဆောင်ရွက်မှုများကိုလည်း နေ့စဉ်ထုတ်သတင်းစာများတွင် ဖော်ပြပေးလျက်ရှိကြောင်း၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ယနေ့အထိရရှိသည့် ပြည်တွင်းအလှူရှင်များ၏ ငွေကျပ် ၁၄၄ ဘီလီယံကျော်နှင့် ပြည်ပအလှူရှင်များ၏ အမေရိကန်ဒေါ်လာ ၅ သန်းကျော်အပါအဝင် နိုင်ငံတော်အနေဖြင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ ရန်ပုံငွေထပ်မံထည့်ဝင်ပေးမှုနှင့် ငလျင်ဘေးသင့်ချိန် အရေးပေါ်ကူညီကယ်ဆယ်ရေး၊ အပျက်အစီးများ ရှင်းလင်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ၌ အင်တိုက်အားတိုက် ဆောင်ရွက်နိုင်ရန် ထည့်ဝင်ပေးထားကြောင်း။

### အိမ်များပျက်စီးမှုအလိုက် ထောက်ပံ့ပေးမည်

ယနေ့အထိ သုံးစွဲပြီးသည့်ငွေ စုစုပေါင်း ငွေကျပ် ၂၆၄ ဒသမ ၆၅၆ ဘီလီယံရှိကြောင်း၊ ထိုသို့ သုံးစွဲရာတွင် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်း ၄၅ ခုမှ ဝန်ထမ်းနှင့် မှီခိုသူ ၁၃၀၀၀၀ ကျော်အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ နှင့် ငါးပိ သုံးလစာထောက်ပံ့ခြင်း၊ ပျက်စီးခဲ့သည့် အခြေခံပညာကျောင်းများ၊ အဆင့်မြင့်ကျောင်းများတွင် ယာယီကျောင်းဆောင်များပြုလုပ်ရန် ကြိုတင်ငွေများ ပေးအပ်ခြင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးများနှင့် အထူးအဆောက်အအုံများ ပြင်ဆင်နိုင်ရန် ပေးအပ်ခြင်းများရှိကြောင်း၊ ထို့ပြင် ဘေးဒုက္ခရောက်ခဲ့သည့် ပြည်သူများအတွက် အရေးပေါ်ထောက်ပံ့ငွေများ၊ တက္ကသိုလ်ဝင်တန်း စာမေးပွဲအဖြေလွှာများ မီးလောင်ခဲ့သည့် ပြည်နယ်တစ်ခုနှင့် တိုင်းဒေသကြီးသုံးခုမှ အခြေခံပညာအထက်တန်း Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူ ၃၅၉၂၂ ဦးနှင့် ယင်းတို့ကို အနီးကပ်သင်ကြားပေးမည့် ဆရာ ဆရာမ ၆၇၂၉ ဦးတို့အတွက် Camp အတွင်း နေထိုင်စားသောက်ရေးစရိတ်များ၊ စာရေးကိရိယာ ဖြည့်ဆည်းပေးမှုစရိတ်များ၊ အဝေးမှ ပညာရပ်ဆိုင်ရာ ဘာသာရပ်အလိုက် လာရောက်သင်ကြားပို့ချပေးကြသည့် ဆရာကြီး၊ ဆရာမကြီးများ၏ ခရီးစရိတ်၊ တည်းခိုနေထိုင်ရေးကိစ္စရပ်များတွင် အသုံးပြုရန် စုစုပေါင်းငွေကျပ်ဘီလီယံ ၂၀ ကို နိုင်ငံတော် ဝန်ကြီးချုပ်အနေဖြင့် ယခုလတွင် ထောက်ပံ့ပေးခဲ့ကြောင်း၊ ထိုထောက်ပံ့ငွေများတွင် ခရီးစရိတ်များ၊ စားစရိတ်များ၊ နေ့တွက်စရိတ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများ ပါဝင်ကြောင်း၊ ငလျင်ဘေးသင့် ပြည်သူများ၏ နေအိမ်များ ပျက်စီးမှုအပေါ်မူတည်၍ နိုင်ငံတော်မှထောက်ပံ့ပေးရန် DMC မှ တွက်ချက်ထားပြီးဖြစ်ကြောင်း၊ ဝန်ထမ်းအိမ်ရာမပါ လူနေအိမ် ၃၉၆၀၃ အိမ်ရှိကြောင်း၊ အဆိုပါအိမ်များ ပျက်စီးမှုအလိုက် စိစစ်ဆဲဖြစ်ပြီး မကြာမီထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း။

ဝန်ထမ်းအိမ်ရာများတွင် ပြိုကျပျက်စီးမှုများ အနက် တိုက်များပိကျ၍ အိမ်အသုံးအဆောင်ပစ္စည်းများဆုံးရှုံးခဲ့သည့် ဝန်ထမ်းအိမ်ထောင်စု ၄၄၉ စုအတွက် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများ၊ စေတနာရှင်အလှူရှင်များက ထောက်ပံ့ပေးသည်များ ရှိသော်လည်း နိုင်ငံတော်အနေဖြင့်လည်း ပုံမှန်နေ့စဉ် အသုံးပြုနေရသည့် အိမ်အသုံးအဆောင်ပစ္စည်း လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ အိမ်ထောင်စုများတွင် ဝန်ထမ်း ၆၀၅ ဦးနှင့် မှီခိုသူ ၁၁၈၁ ဦး စုစုပေါင်း ၁၇၈၆ ဦး စာရင်းအရ သိရှိရကြောင်း၊ ထိုသို့စာရင်းများကောက်ယူရာတွင် အဆင့်ဆင့်လုပ်ဆောင်ရသောကြောင့် ကြန့်ကြာမှုများရှိသည့်အတွက် ဝန်ကြီးများကိုယ်တိုင် စိစစ်ဆောင်ရွက်ပေးရန် ပြောကြားလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မိုးရာသီအမီ ဝန်ထမ်းများ လုံလုံခြုံခြုံဖြင့် အမိုးအကာအောက်နေထိုင်နိုင်ရန်အတွက် Prefabricated House/ Office များကို သံရုံးမှတစ်ဆင့် အကူအညီတောင်းခံခဲ့မှုကြောင့် Prefabricated Office အလုံးရေ ၅၀၀ နှင့် Prefabricated House အလုံးရေ ၄၅၀၀ ရရှိပြီးဖြစ်ကြောင်း။

အဆိုပါရောက်ရှိလာသည့် Prefabricated House/ Office များအနက် ၃ ပုံ ၂ ပုံခန့် ဖြန့်ခွဲပေးပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖြန့်ဝေပေးလျက်ရှိကြောင်း၊ ထို့ပြင် စက်သုံးဆီအနေဖြင့်လည်း ဒီဇယ် ဂါလန် ၇ ဒသမ ၉ သန်းနှင့် ဓာတ်ဆီ ဂါလန် ၆ သန်းကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ငလျင်ဘေးအန္တရာယ်ဆိုင်ရာနှင့် ပြန်လည်ထူထောင်ရေး ကာလအတွင်း လိုအပ်သလို အသုံးပြုနိုင်ရေး ထောက်ပံ့ပေးအပ်ခဲ့မှုအပေါ် သယ်ယူပို့ဆောင်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များတွင် စနစ်တကျ သုံးစွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအပြင် ကျန်အလှူရှင်နိုင်ငံများကလည်း ယာယီကျောင်းဆောင်များ၊ ရုံးခန်းများ ပံ့ပိုးကူညီပေးလျက်ရှိကြရာ နိုင်ငံတော်အစိုးရကိုယ်စား DMC အနေဖြင့် ကျေးဇူးများစွာ တင်ရှိမှုကိုလည်း ဆက်လက်ဖော်ပြလိုပါကြောင်း ပြောကြားသည်။

စာမျက်နှာ ၇ သို့

*စာမျက်နှာ ၆ မှ*

**❒ ကျန်းမာရေးဆိုင်ရာအနေဖြင့် ယာယီစခန်းများတွင် ငလျင်ဘေးသင့်ဝန်ထမ်းများ၊ ပြည်သူများစုဖွဲ့နေထိုင်ကြသဖြင့် ယနေ့ ခေါင်းပြန်ထောင်လာသော ကိုဗစ်-၁၉ အိုမီခရွန်မျိုးကွဲနှင့်ပတ်သက်၍ ကူးစက်ပျံ့နှံ့မှုများ လုံးဝမရှိစေရေး ထုတ်ပြန်ထားသည့် SOP များအတိုင်း ဆောင်ရွက်ပေးရေး၊ ပြည်သူများလိုက်နာနေထိုင်စေရေး ဆောင်ရွက်ပေးရမည်**

ဆက်လက်ပြောကြားရာတွင် နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့်လည်း ပြီးခဲ့သည့် မေ ၃၀ ရက်တွင် ကျင်းပခဲ့သည့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေး ပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲတွင် မဏ္ဍိုင်ကြီးသုံးရပ်ကို ထည့်သွင်းဆွေးနွေးသွားကြောင်း၊ အဆိုပါမဏ္ဍိုင်ကြီးသုံးရပ်မှာ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ကူညီပေးမှုများနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေးပြန်လည်ရှင်သန်ခြင်းနှင့် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုများ စသည်တို့ဖြစ်ကြောင်း၊ အဆိုပါသုံးရပ်ကို မိမိတို့အနေဖြင့် DMC အနေဖြင့်လည်း လုပ်ငန်းလမ်းညွှန်ချက်အဖြစ် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ပထမမဏ္ဍိုင်နှင့်ပတ်သက်၍ လူသားချင်း စာနာထောက်ထားမှုကိစ္စရပ်များကို နိုင်ငံတော်ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် ငလျင်လှုပ်ခတ်ပြီး ၇၂ နာရီအတွင်း လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ လူမှုကာကွယ်ရေးကိစ္စရပ်တွင် ငလျင်ဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို အားလုံးဝိုင်းဝန်းပြီး အမြန်ဆုံးဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆောင်ရွက်ဆဲလည်းဖြစ်ကြောင်း၊ ဒုတိယမဏ္ဍိုင်နှင့် ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်အနေဖြင့် ပြန်လည်တည်ဆောက်ရုံသာမက ပိုမိုကောင်းမွန်သည့် လူမှုအဆင့်အတန်းနှင့် လူမှုဝန်းကျင်ပြန်လည်တည်ဆောက်နိုင်ရေးကို လမ်းညွှန်မှာကြားထားကြောင်း၊ မိုခါ၊ ရာဂီမုန်တိုင်းတို့တွင်ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် မူလထက်သာလွန်ကောင်းမွန်အောင်ဆောင်ရွက်ရမည့် မူဝါဒရှိပြီးဖြစ်ကြောင်း၊ ထို့ပြင် နိုင်ငံ့စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် MSME လုပ်ငန်းများအား စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းကိုယ်တိုင် ငလျင်လှုပ်ခတ်ပြီးလျှင်ပြီးချင်း စက်ရုံ၊ အလုပ်ရုံနှင့် စက်မှုဇုန်များသို့ သွားရောက်၍ ပျက်စီးဆုံးရှုံးခဲ့မှုများကို MSME လုပ်ငန်းရှင်များနှင့်တွေ့ဆုံ၍ လိုအပ်ချက်များနှင့် နိုင်ငံတော်မှကူညီပြီး ပံ့ပိုးပေးစေလိုသည့် အချက်များကို စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေတို့တွင် ထိရောက်စွာ ဆွေးနွေးအဖြေရှာခဲ့ကြောင်း၊ ပျက်စီးမှုအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတွင် MSME လုပ်ငန်းပေါင်း ၃၀၆ ခုရှိကြောင်း၊ ပျက်စီးဆုံးရှုံးသွားခဲ့သည်များကို အမြန်ဆုံး ပြန်လည်ကုစား၍ လုပ်ငန်းများလည်ပတ်နိုင်ရေး အဆင့်ဆင့် စိစစ်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းရှင်များ၏ ငွေကြေးလိုအပ်ချက်များအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ သို့မဟုတ် MSME ရန်ပုံငွေအပြင် ဘဏ်များနှင့် ချိတ်ဆက်ပေးသွားမည်ဖြစ်ပါကြောင်း၊ အမှန်တကယ် ငွေကြေးလိုအပ်သည့် လုပ်ငန်းရှင်များအတွက် ပုဂ္ဂလိကဘဏ်များမှ ငွေကြေးထုတ်ချေးရာတွင် သက်သာသည့် အတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး ဝိုင်းဝန်းကူညီပေးကြရန် ပြောကြားလိုကြောင်း။

**ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်**

တတိယမဏ္ဍိုင်နှင့်ပတ်သက်၍ သဘာဝဘေးအလွန် အမျိုးသားအဆင့်အနေဖြင့် နောက်တစ်ကြိမ်မဖြစ်စေရန် စနစ်တကျစီမံချက်များရေးဆွဲပြီး ဆက်လက်ဆောင်ရွက်သွားရန်ဖြစ်ကြောင်း၊ ပျက်စီးသွားခဲ့သည်များကို အသစ်ပြန်လည်တည်ဆောက်ရာတွင် ရေရှည်တည်တံ့ခိုင်မြဲအောင်နှင့် ငလျင်လှုပ်ခတ်လာမည်ဆိုပါက ပြိုကျပျက်စီးခြင်းများမရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ကြရမည့် အဆောက်အအုံများအားလုံးသည် မြေသားစမ်းသပ်မှုအပါအဝင် ရစ်(ခ်)တာစကေး ၈ အထိ ခံနိုင်သည့် အဆောက်အအုံများဖြစ်စေရန် ဆောက်လုပ်ကြရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်များအဖြစ် ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ မေလအတွင်း နိုင်ငံပေါင်း ၄၆ နိုင်ငံတွင် မိုးခေါင်မှု ၂ ကြိမ်၊ ငလျင် ၉ ကြိမ်၊ ရေကြီးမှု ၃၂ ကြိမ်၊ မုန်တိုင်း ၃၄ ကြိမ်၊ မီးတောင်ပေါက်ကွဲမှု ၁ ကြိမ်နှင့် တောမီး ၉ ကြိမ် ဖြစ်ပွားခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ် ၁၀ နှစ်ကို ပြန်ကြည့်မည်ဆိုပါက မိုးခေါင်ရေရှားမှု အနည်းဆုံး ၂ ကြိမ်မှ အများဆုံး ၁၂ ကြိမ်၊ ငလျင်ဘေး အနည်းဆုံး ၇ ကြိမ်မှ အများဆုံး ၁၉ ကြိမ်၊ ရေဘေး အနည်းဆုံး ၄၆ ကြိမ်မှ အများဆုံး ၉၇ ကြိမ်ဖြစ်ကြောင်း၊ ၎င်းအနက် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအနေဖြင့် ရေဘေး ၇၁ ကြိမ် ကျရောက်ခဲ့ကြောင်း၊ မုန်တိုင်း အနည်းဆုံး ၂၁ ကြိမ်မှ အများဆုံး အကြိမ် ၆၀ အထိ ဖြစ်ပွားခဲ့ကြောင်း၊ မီးတောင်ပေါက်ကွဲမှုဖြစ်စဉ်မှာ ၃ ကြိမ်မှ ၅ ကြိမ်နှင့် တောမီးလောင်မှု ၁ ကြိမ်မှ ၉ ကြိမ်အထိ ဖြစ်ကြောင်း၊ အထက်ပါအချက်များကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ရေဘေးအန္တရာယ်နှင့် မုန်တိုင်းအန္တရာယ်မှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရပါကြောင်း သတိပြုကြရမည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ် သတိပေးထုတ်ပြန်ပေးရမည်**

မိမိတို့နိုင်ငံတွင်လည်း ယခုအခါ မိုးတွင်းကာလရောက်ရှိလာပြီဖြစ်သည့်အတွက် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တွက်ချက်၍ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အမျိုးသားအဆင့် စီမံချက်များလည်း ရေးဆွဲထားရှိပြီးဖြစ်သည့်အတွက် စီမံချက်များအပေါ် တာဝန်ရှိသူများက ကြိုတင်ကာကွယ်ခြင်း၊ ဓာတ်တိုက်လေ့ကျင့်ခြင်းများ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ရေဘေးနှင့်အတူ မုန်တိုင်းဘေးအန္တရာယ်ကိုလည်း သတိထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၁၀ နှစ်အတွင်း လအလိုက် သဘာဝဘေးအန္တရာယ်ဖြစ်ခဲ့မှုများကို လေ့လာဆန်းစစ်ပြီး မျက်ခြည်မပြတ် အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနနှင့် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက စောင့်ကြည့်လေ့လာနေရမည်ဖြစ်ကြောင်း၊ လေ့လာကြည့်ရှုရန် European Centre for Medium-Range Weather Forecasts (ECMWF) website-https://www.ecmwf.int၊ National Hurricane Center မှ Global Forecast System (GFS) Website-https://www.ncei.noaa.gov/products/weather-climate-models/global-forecast နှင့် မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန Website ဖြစ်သည့် http://www.dmh.gov.mm Website များရှိကြောင်း၊ အဆိုပါ Website များကို ပြည်သူများ သိရှိနိုင်ရန်အတွက် ပြန်ကြားရေးဝန်ကြီးဌာနကလည်း ရုပ်မြင်သံကြားများနှင့် နေ့စဉ်ထုတ်သတင်းစာများတွင် စဉ်ဆက်မပြတ် သတိပေးထုတ်ပြန်ပေးရမည်ဖြစ်ကြောင်း။

ပြည်သူများနှင့် ဝန်ထမ်းများ မိုးရာသီတွင် လုံလုံခြုံခြုံ အမိုးအကာအောက်နေထိုင်ရန် ယာယီအားဖြင့် ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း မလုံလောက်သေးဘဲ လိုအပ်ချက်များရှိပါက အစည်းအဝေးတွင်သာမဟုတ်ဘဲ အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာကော်မတီများနှင့် တာဝန်ရှိသူများကို တင်ပြစေလိုကြောင်း၊ သို့မှသာ အချိန်နှင့်တစ်ပြေးညီ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ စာရင်း ဇယားများ ကောက်ယူရာတွင် မှန်မှန်ကန်ကန်နှင့် တိတိကျကျ ဖြစ်ပြီး အချိန်ကုန်မှုမရှိဘဲ အဆင့်ဆင့်စိစစ်၍ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်အနေဖြင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များ၊ ပြည်သူများ လုံလုံခြုံခြုံဖြင့် နေထိုင်နိုင်ရေး ကိစ္စရပ်များတွင် အတတ်နိုင်ဆုံး အဆင်ပြေစေရေး ရရှိလာသည့် အလှူငွေများ၊ နိုင်ငံတော်မှ ထည့်ဝင်ထားသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာရန်ပုံငွေများမှ ဆောင်ရွက်ပေးရမည့်ကိစ္စရပ်များကို စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အလားတူ ကျန်ရှိသည့် လျှပ်စစ်ကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍ၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ ဆောက်လုပ်ရေးကဏ္ဍ စသည်များကို စဉ်ဆက်မပြတ် ပြန်လည်ထူထောင်ရေးကာလအတွင်း မူလအခြေအနေထက် ပိုမိုကောင်းမွန်စေရေး ပြုပြင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အနှောင့်အယှက်များ ရှိမည်ဖြစ်သော်လည်း အကောင်းဆုံးကျော်လွှားရမည်ဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာများအနေဖြင့် MSME လုပ်ငန်းသည် နိုင်ငံ့စီးပွားရေးအတွက် အဓိကတစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေသည့် လုပ်ငန်းဖြစ်သည့်အတွက် ငလျင်ဘေးအန္တရာယ်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ MSME လုပ်ငန်းများ၏ ထိခိုက်ပျက်စီးခဲ့မှုများကို မြန်မြန်ဆန်ဆန်ပြုပြင်ပြီး အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး ဝိုင်းဝန်းကူညီဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း တင်ပြထားသည့် ကိစ္စရပ်များအပေါ် ခွင့်ပြုချက်ရပြီးသည်နှင့် ကူညီထောက်ပံ့ရေးပစ္စည်းများကိုပြည်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးနိုင်ရန်လိုအပ်ကြောင်း၊ ပြန်လည်ထူထောင်ရေးကာလတွင် လိုအပ်သည့် ဆောက်လုပ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေးနှင့် ရပ်ဆိုင်းသွားသည့် ဘိလပ်မြေစက်ရုံများ အမြန်ဆုံးပြန်လည်လည်ပတ်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ အခြေခံပညာကျောင်းများ ဇွန် ၂ ရက်က စတင်ဖွင့်လှစ်ပြီး ကျောင်းသား ကျောင်းသူများ လုံလုံခြုံခြုံဖြင့် စိတ်အေးချမ်းစွာပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးပြီးဖြစ်သော်လည်း လိုအပ်ချက်များရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြပေးစေလိုကြောင်း၊ ကျန်းမာရေးဆိုင်ရာအနေဖြင့် ယာယီစခန်းများတွင် ငလျင်ဘေးသင့် ဝန်ထမ်းများ၊ ပြည်သူများ စုဖွဲ့နေထိုင်ကြသဖြင့် ယနေ့ ခေါင်းပြန်ထောင်လာသော ကိုဗစ်-၁၉ အိုမီခရွန် မျိုးကွဲနှင့်ပတ်သက်၍ ကူးစက်ပျံ့နှံ့မှုများ လုံးဝမရှိစေရေး ထုတ်ပြန်ထားသည့် SOP များအတိုင်း ဆောင်ရွက်ပေးရေး၊ ပြည်သူများလိုက်နာနေထိုင်စေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်းနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဆောင်ရွက်ရန်ကျန်အချက်များ၊ ရေတိုရေရှည် အစီအမံများနှင့် လိုအပ်ချက်များကို တင်ပြသွားကြရန် လိုအပ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် ဒေါက်တာစိုးဝင်းတို့က ငလျင်ဘေးဒဏ်သင့်ဒေသများ၌ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် အဆောက်အအုံများအတွင်း ကျန်ရှိနေသည့် ပစ္စည်းများအား ကူညီရှာဖွေဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးဒဏ်သင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေမှု၊ ငလျင်ဘေးသင့် ရုံးများနှင့် ဝန်ထမ်းများအတွက် Prefabricated House/Office များတည်ဆောက်၍ နေရာချထားပေးမှု၊ ငလျင်ဘေးဒဏ်သင့်ပြည်သူများနှင့် ဝန်ထမ်းများအား ထောက်ပံ့ပေးနေမှု၊ ပျက်စီးဆုံးရှုံးမှုများ၏ မူလတန်ဖိုးနှင့် လက်ရှိကာလတန်ဖိုး တွက်ချက်ထားရှိမှု၊ နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရောက်ရှိလာမှုနှင့် ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အဆောက်အအုံများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေးက ယာယီရုံးများ ဦးစားပေးဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့မှု၊ စစ်ဆေးရေးအဖွဲ့များဖြင့် ရုံး၊ ဝန်ထမ်းအိမ်ရာများ၊ အဆောင်များနှင့် အထူးအဆောက်အအုံများအား စစ်ဆေးခဲ့မှုနှင့် စစ်ဆေးတွေ့ရှိချက်များ၊ ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးကြည်က ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများကို ဖတ်ကြားတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဝန်ကြီးဌာနများအလိုက် ရုံး၊ အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာများ အကဲဖြတ်အရောင်သတ်မှတ်ချက်များအလိုက် ပြန်လည်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီး၍ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုနှင့် ဝန်ထမ်းများအား ပြန်လည်နေရာချထားမှု၊ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးနေမှု၊ နိုင်ငံတကာ အကူအညီများအား စနစ်တကျစိစစ်လက်ခံပြီး ငလျင်ဒဏ်သင့်ဒေသများသို့ ဖြန့်ခွဲပေးနေမှု၊ MSME လုပ်ငန်းများ ချေးငွေများရယူနိုင်ရန် ချိတ်ဆက်ဆောင်ရွက်ပေးထားမှု၊ ပြည်တွင်းရှိ ဘိလပ်မြေစက်ရုံများ၊ သံရည်ကြိုစက်ရုံများ လည်ပတ်နိုင်မှုနှင့် ပစ္စည်းများ ထုတ်လုပ်နေမှု၊ ပြန်လည်ထူထောင်ရေးကာလ ၁၈ လအတွင်း သံချောင်းလုံးနှင့် သံမဏိလိုအပ်ချက်များ၊ ငလျင်ဒဏ်သင့် ကျောင်းများနှင့် တက္ကသိုလ်များ ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ကျောင်းများ ဖွင့်လှစ်၍ ပညာသင်ကြားနေမှု၊ ငလျင်ဒဏ်သင့်ဒေသများတွင် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု၊ ငလျင်နှင့်ပတ်သက်သည့် သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် ပြည်သူများထံသို့ ထုတ်ပြန်ပေးနေမှု၊ လမ်း၊ တံတားများ ထိခိုက်ပျက်စီးခဲ့မှုနှင့် ပြုပြင်ပြီးစီးမှု၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဆည်မြောင်း၊ တာတမံများအား ပြန်လည်ပြုပြင်ပြီးစီးမှုနှင့် စိုက်ပျိုးရေများ ဖြန့်ဝေပေးနေမှု၊ ကယ်ဆယ်ရေးနှင့် ပို့ဆောင်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် တပ်မတော်(လေ)မှ လေယာဉ်၊ ရဟတ်ယာဉ်များ အဆင်သင့်စုဖွဲ့ထားရှိမှုနှင့် ကဏ္ဍအလိုက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးတင်ပြမှုများအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအပေါ် ဖိအားပေးလိုသည့်ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခဲ့သော အိုင်အယ်လ်အို (ILO) ၏ တရားမျှတမှုမရှိသည့် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ သဘောထားရပ်တည်ချက် ထုတ်ပြန်ခြင်း

(၁၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာ ညီလာခံကျင်းပနေစဉ်ကာလအတွင်း ၅-၆-၂၀၂၅ ရက်တွင် မြန်မာနိုင်ငံနှင့်ပတ်သက်သော ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။

အဆိုပါဆုံးဖြတ်ချက်မှာ မြန်မာနိုင်ငံအစိုးရအပေါ် ILO မျက်နှာစာမှတစ်ဆင့် ဖိအားပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် လွတ်လပ်စွာသင်းပင်းဖွဲ့စည်းမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်-၈၇ နှင့် အဓမ္မခိုင်းစေမှုဆိုင်ရာ ကွန်ဗင်းရှင်းအမှတ်-၂၉ တို့ကို လိုက်နာမှုမရှိဟု အကြောင်းပြကာ ဖွဲ့စည်းဆောင်ရွက်ခဲ့သည့် ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (Commission of Inquiry–CoI) ၏ အကြံပြုချက်များကို မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်စေရန်အတွက် တစ်ဖက်သတ်တောင်းဆိုထားသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြစ်ကြောင်း တွေ့ရှိရသည်။ ထို့ပြင် ILO ဖွဲ့စည်းပုံနှင့် ကိုက်ညီခြင်းမရှိဘဲ မြန်မာနိုင်ငံဆိုင်ရာအစည်းအဝေးများကို သက်ဆိုင်ရာနိုင်ငံမပါဝင်ဘဲ တစ်ဖက်သတ် ဆောင်ရွက်ခြင်းများသည် ILO ၏ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင်ကိုယ်စားလှယ်များပါဝင်သည့် သဘောသဘာဝကို ဆိုးရွားစွာထိခိုက်စေသည်။

အဆိုပါဆုံးဖြတ်ချက်သည် သမာသမတ်ကျ မျှတမှုမရှိဘဲ နိုင်ငံရေးဆိုင်ရာ ချဉ်းကပ်မှုများအပေါ် အခြေခံ၍ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ အခြေအနေနှင့်စပ်လျဉ်း၍ လွဲမှားသည့်အကဲဖြတ်မှုများအပေါ် အခြေခံထားပါသည်။ ယင်းဆုံးဖြတ်ချက်တွင် နိုင်ငံအတွင်း လူမှုရေးနှင့် အလုပ်သမားအခြေအနေကို အမှန်တကယ်ထိခိုက်စေမည့်ဘက်သို့ တွန်းပို့မည့် အစီအမံများဆောင်ရွက်ရန် အဆိုပြုထားခြင်းသည် ဝမ်းနည်းဖွယ်ဖြစ်ပါသည်။

ILO မျက်နှာစာမှနိုင်ငံအချို့၏ မြန်မာနိုင်ငံအပေါ် နိုင်ငံရေးအရ ဖိအားပေးဆောင်ရွက်ချက်များသည် အခြေခံအလုပ်သမားများ၏ အလုပ်အကိုင်အခွင့်အရေးနှင့် ဝင်ငွေပုံမှန်ရရှိမှုအပေါ် ခြိမ်းခြောက်မှုအဖြစ် အသွင်ပြောင်းလဲလာနိုင်ခြင်းနှင့် ကောင်းကျိုးထက် ဆိုးကျိုးပိုမည့်အခြေအနေသို့ ရောက်ရှိသွားနိုင်သည်ကိုလည်း သတိပြုသင့်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် ILO အဖွဲ့သို့ ဝင်ရောက်ခဲ့ပြီး အခြေခံကွန်ဗင်းရှင်း (၄) ခုကို လက်မှတ်ရေးထိုး၍ ILO အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ တာဝန်ဝတ္တရားများအပြင် မြန်မာနိုင်ငံ၏ အလုပ်သမားများအကျိုးစီးပွားအတွက် ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ILO အနေဖြင့် မြန်မာနိုင်ငံ၏ အပြုသဘောဆောင်သည့် ကြိုးပမ်းဆောင်ရွက်မှုများကို လျစ်လျူရှုကာ နိုင်ငံရေးဆန်သော တစ်ဖက်သတ်ဖိအားပေးဆောင်ရွက်မှုများသည် အခြေခံလူတန်းစားအလုပ်သမားထုအပေါ် ကောင်းကျိုးထက်ဆိုးကျိုးကို ပိုမိုသက်ရောက်စေနိုင်ပြီး မြန်မာနိုင်ငံရှိ အလုပ်သမားထုအနေဖြင့် အပြည်ပြည်ဆိုင်ရာအလုပ်သမားအဖွဲ့ကြီးအပေါ် ယုံကြည်အားထားစိတ် လျော့ပါးစေပါသည်။

အထူးသဖြင့် မြန်မာနိုင်ငံမှ ILO ၏ မြန်မာနိုင်ငံဆိုင်ရာ စုံစမ်းစစ်ဆေးရေးကော်မရှင် (CoI) အစီရင်ခံစာပါ အလုပ်သမားအကျိုးအတွက် အပြုသဘောဆောင်သော အကြံပြုတိုက်တွန်းချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ဖြစ်ပေါ်တိုးတက်မှုဖြစ်စဉ်များကို အချိန်နှင့်တစ်ပြေးညီ စဉ်ဆက်မပြတ် ပေးပို့အသိပေးလျက်ရှိပါသည်။

သို့ရာတွင် (၁၁၃) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအလုပ်သမားညီလာခံအစည်းအဝေးတွင် အထွေထွေရေးရာကော်မတီနှင့် ညီလာခံတို့က ကွန်ဗင်းရှင်းအမှတ်-၂၉ နှင့် ကွန်ဗင်းရှင်းအမှတ်-၈၇ တို့ကို အသုံးချ၍ နိုင်ငံရေးအရ ဖိအားပေးသော အာတီကယ် ၃၃ ကျင့်သုံးသည့် ဆုံးဖြတ်ချက်အဆိုချမှတ်မှုကို မြန်မာနိုင်ငံက စိတ်ပျက်ရပြီး ပါဝင်ပတ်သက်ခြင်းမရှိကြောင်း ဖော်ပြအပ်သည်။ မြန်မာနိုင်ငံနည်းတူ ပါဝင်ပတ်သက်ခြင်း မရှိကြောင်း ရပ်တည်၍ အပြုသဘောမိန့်ခွန်းများပြောကြားပေးသော မိတ်ဆွေနိုင်ငံများကို ကျေးဇူးတင်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် ကွန်ဗင်းရှင်းအမှတ် – ၂၉ နှင့် ကွန်ဗင်းရှင်းအမှတ် – ၈၇ တို့ကို နိုင်ငံ၏ အလုပ်သမားနှင့် အလုပ်ရှင်များ၏ အကျိုးအတွက် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဖွံ့ဖြိုးရေးအတွက် အရေးကြီးသော အလုပ်သမားထု၏ အခွင့်အရေးများဥပဒေနှင့်အညီ တိုးတက်မှုရရှိရေး၊ လူမှုဘဝများဖွံ့ဖြိုးရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေးအတွက် ILO အပါအဝင် နိုင်ငံတကာအသိုက်အဝန်းနှင့် ဆက်လက်ထိတွေ့လျက် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် လွတ်လပ်မှုကို မထိပါးစေသော ပူးပေါင်းမှုများ ဆောင်ရွက်မည်ဖြစ်သည်။

အလုပ်သမားဝန်ကြီးဌာန

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇွန် ၆

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော စစ်ကိုင်းမြို့ အောင်ချမ်းသာရပ်ကွက် စစ်ကိုင်းဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်အတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြင်ဆင်ထားမှုနှင့် ကျောင်းဖွင့်ရာသီအမီ ပြင်ဆင်ထားမှုများ၊ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီတော်မြတ်ကြီး၊ ပိုးတန်းရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်နှင့် အမှတ်(၁)နှင့် အမှတ်(၂) ထူပါရုံကျောက်စာတိုက် အဆောက်အအုံတို့၌ အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှုနှင့် ယာယီစာသင်ဆောင်များ ပြန်လည်ဆောက်လုပ်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

မွန်းလွဲပိုင်းတွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့သည့် စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်၊ စစ်ကိုင်းတောင်ရိုး ပိတောင်ချောင်ကျောင်းတိုက်၊ ထွန့်ခေါင်ရပ်ကွက် မိုးညှင်းကျောင်းတိုက်၊ သောတပန်ရပ်ကွက် သီတဂူဗုဒ္ဓတက္ကသိုလ် ပရိဝုဏ်အတွင်းနှင့် သကျမိတာ သီလရှင်စာသင်တိုက်တို့၌ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက အပျက်အစီးများ ရှင်းလင်းဖယ်ရှားပေးနေမှု၊ သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုနှင့် စက်ယန္တရားကြီးများဖြင့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုများကို ကြည့်ရှုအားပေး၍ လုပ်အားပေးဆောင်ရွက်နေသူများအား အားဖြည့်အချိုရည်များပေးအပ်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိလူနေအဆောက်အအုံများတွင် ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများအား ကြည့်ရှုစစ်ဆေးစဉ်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ မဟာအောင်မြေအနောက်ရပ်ကွက်နှင့် ရဲမွန်တောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ် ကန်သာယာရပ်တို့ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အန္တရာယ်ရှိ လူနေအဆောက်အအုံများရှိ ဖြိုချရှင်းလင်းရန်ကျန် အဆောက်အအုံများအား လုပ်ငန်းဆောင်ရွက်ရန် ပြင်ဆင်ထားရှိမှုများ၊ ဖြိုချဖျက်ဆီးဆဲ အန္တရာယ်ရှိ အဆောက်အအုံများ၌ စက်ယန္တရားကြီးများ အသုံးပြု၍ အင်တိုက်အားတိုက်ရှင်းလင်းရေး ဆောင်ရွက်နေမှု၊ ဖြိုချပြီး အပျက်အစီးများအား အပြီးသတ်ရှင်းလင်းနေမှုများ၊ အများပြည်သူအသုံးပြုမှုများသည့် လမ်းမကြီးများ၌ လမ်းပိတ်ဆို့မှု မဖြစ်ပေါ်စေရေးနှင့် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးတို့အတွက် ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး စိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့ အမရပူရမြို့နယ် တောင်သမန်ကျေးရွာရှိ မဟာသက်ကျရုံသီ ကျောက်တော်ကြီးမြတ်စွာဘုရားများသို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စိန်ဖူးတော်များနှင့် ဌာပနာပစ္စည်းများအား သိမ်းဆည်းထားရှိမှုနှင့် အောင်မြေသာစံမြို့နယ် အမရဌာနီအရှေ့ရပ်ရှိ ဗေါင်းတော်ရ ဆုတောင်းပြည့် မြတ်စွာဘုရား၊ ရေနားပရိယတ္တိ စာသင်တိုက်၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော နှစ်ထပ်ကျောင်းဆောင်အား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ အပျက်အစီးများအား တပ်မတော်သားများက ရှင်းလင်းဖယ်ရှားနေမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် အောင်မြေသာစံမြို့နယ် မန္တလေးတောင်တော်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားစေတီများနှင့် သာသနိကအဆောက်အအုံများ၌ အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ငှက္ကတောင်ကျေးရွာ ရွာဦးဘုန်းကြီးကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အအုံများအား ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို သွားရောက်ကြည့်ရှုပြီး ကျောင်းထိုင်ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်ပြီး ကျောက်ဆည်မြို့ ရွှေတောင်ထီးစေတီတော်ကြီး၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ စုကြီးရပ်ကွက်ရှိ ကျောက်သေတ္တာစေတီကျောက်တုံးကြီး ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများအတွက် လိုအပ်သည့်ပစ္စည်းများသယ်ယူရာတွင် အထောက်အပံ့ဖြစ်စေရန် ဆိုင်းကြိုးတပ်ဆင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများ၊ စဉ့်ကိုင်မြို့နယ် တောင်ရင်းကျေးရွာရှိ ပင်မခေါတ်အားခွဲရုံ(ဘယ်လင်း)ရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးမှုများနှင့် ခေတ်အားအပြည့်အဝ ဖြန့်ဖြူးပေးနိုင်စေရေးအခြေအနေများနှင့် ရှမ်းကန်မြောက်ကျေးရွာရှိ နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဆရာအတတ်သင်ကောလိပ်(ဘယ်လင်း)တို့ရှိ ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



အနောက်တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁) သင်တန်းဆင်းပွဲအခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တပ်မတော်အရာရှိကြီးများ သင်တန်းဆင်းစစ်သည်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်စဉ်။



ဟိုပုံးတပ်နယ်နှင့် ဗထူးတပ်နယ်တို့ရှိ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲ အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် ဇွန် ၆

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကို ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံသားတိုင်း စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်တွင် စတင်အာဏာတည်ခဲ့ပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ရန် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များကို ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၁) သင်တန်း ဆင်းပွဲအခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီး၌ ကျင်းပပြုလုပ်ကြသည်။ အဆိုပါသင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြအစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။

ထို့နောက် သင်တန်းကျောင်းများအလိုက် သင်တန်းဆင်းထူးချွန်ဆုများဖြစ်သည့် စံပြတပ်သားဆု၊ စစ်ရေးပြထူးချွန်ဆု၊ လက်ဖြောင့်တပ်သားဆု၊ စစ်သည်တော်ကျင့်ဝတ်ဆု၊ မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်နည်းပထမဆု၊ ချေမှုန်းရေးပထမဆု၊ အိပ်ဆောင်အကောင်းဆုံးဆု ရရှိသူများအား တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းအမှာစကားများ ပြောကြားကြသည်။

သင်တန်းဆင်းပွဲအခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးကြသည်။



ရှမ်းပြည်နယ်(အရှေ့ပိုင်း) တြိဂံဒေသတိုင်းစစ်ဌာနချုပ် အမှတ်(၁၁) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်းပွဲကျင်းပစဉ်။



အမှတ်(၁၂)တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ကိုဝင်း ရှမ်းပြည်နယ်(တောင်ပိုင်း) နယ်မြေခံသင်တန်းကျောင်းတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁/၂၀၂၅) သင်တန်းဆင်းပွဲနှင့် ကတိသစ္စာခံယူပွဲအခမ်းအနား တက်ရောက်ချီးမြှင့်စဉ်။

အဆိုပါ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁) မှ သင်တန်းသားများကို ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ် စသည့် ဘာသာရပ်များနှင့် အထွေထွေ ဘာသာရပ်များကို အဆင့်ဆင့် လေ့ကျင့်သင်ကြားပေးခဲ့ကြကြောင်း သိရသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့်နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏ အခွင့်အရေးကို ကာကွယ် စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန်ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။

ယနေ့တွင် သင်တန်းဆင်းခဲ့ကြသည့် ပြည်သူ့စစ်မှုထမ်း နိုင်ငံ့သားကောင်း စစ်သည်များသည်လည်း အဖွဲ့အစည်းဖြင့် စည်းစနစ်ကျစွာ လုပ်ကိုင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်များ(TeamWork)ရရှိခဲ့ပြီး နိုင်ငံချစ်စိတ် (Nationalism)၊ မျိုးချစ်စိတ် (Patriotism)၊ အဖွဲ့အစည်းစိတ် (Team Sprit)၊ ရဲဘော်ရဲဘက်စိတ် (esprit de corps) အပြည့်ဖြင့် တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့အသီးသီးသို့ သွားရောက်၍ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဂုဏ်ယူစွာ ထမ်းဆောင်ကြတော့မည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁၁)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်း စစ်သည်များ၏













စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်-

၁။ နိုင်ငံသား တစ်ယောက်အနေနဲ့ နိုင်ငံတော်မှာ ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာစောင့်ထိန်းတဲ့အနေနဲ့ ကျွန်တော်ဒီစစ်မှုထမ်းသင်တန်းကို လာရောက်တက်ခြင်းဖြစ်ပါတယ်။ စာမျက်နှာ ၁၀ သို့

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် ဇွန် ၆

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၁)သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဂျိုးဖြူဒေသရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ နယ်မြေခံသင်တန်းကျောင်း ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်မျိုးမင်းသန်း၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အုပ်ချုပ်သူနည်းပြများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းအုပ်ကြီးအား သင်တန်းသားတပ်ခွဲများက အလေးပြုကြပြီး နိုင်ငံတော်အလံကို အလေးပြုကြကာ သင်တန်းသားများက ကတိသစ္စာပြုကာ ကျမ်းသစ္စာဆိုကြပြီးနောက် ကျောင်းအုပ်ကြီးက သင်တန်းဆင်းမိန့်ခွန်း ပြောကြားသည်။

ထို့နောက် စံပြတပ်သားဆု၊ ကျင့်ဝတ်ဆု ၆ဝ၊ လက်ဖြောင့်တပ်သားဆု၊ စစ်မြေပြင်မိုင်းကျွမ်းကျင်ဆု၊ တပ်စိတ်တိုက်ပွဲ အကောင်းဆုံးဆုနှင့် အိပ်ဆောင်အလိုက် အကောင်းဆုံးဆုရရှိသူများကို ကျောင်းအုပ်ကြီးက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းသည် ၅၀၀ ဆံ့ အားကစားခန်းမ၌ သင်တန်းသားများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး သင်တန်းဆင်းတပ်ခွဲများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ရာ ကျောင်းအုပ်ကြီးက လက်ခံရယူသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား ၄၁၄ ဦးအား ကိုယ်လက်ကြံ့ခိုင်ရေးဘာသာရပ်၊ စစ်ရေးပြဘာသာရပ်၊ လက်နက်ငယ်ဘာသာရပ်၊ စစ်နည်းဗျူဟာဘာသာရပ်၊ စစ်မြေပြင်အင်ဂျင်နီယာဘာသာရပ်၊ စစ်မြေပြင်အုပ်ချုပ်မှုဘာသာရပ်နှင့် အထွေထွေဘာသာရပ်များကို သင်ကြားပို့ချခဲ့ပြီး သင်တန်းကာလမှာ ရက်သတ္တပတ် ၁၂ ပတ်ကြာ သင်ကြားပို့ချသွားခဲ့ကြောင်း သိရသည်။

ဖွဲ့ထက်ကို(မြန်/ဆက်)



စာမျက်နှာ ၉ မှ

ပြည်သူ့စစ်မှုထမ်း အမှတ်စဉ် (၁၁) ထိ ရောက်လာခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် အများကြီး အကျိုးပြုမယ်လို့ မျှော်လင့်ပါတယ်။ ရှေ့မှာလည်း သင်တန်းဆင်းသွားတဲ့ နောင်တော်တွေက အမှတ်စဉ် (၁၀) ထိ ရှိသွားခဲ့ပြီဆိုတော့ နိုင်ငံတော်အတွက် ကျွန်တော်တို့ အကောင်းဆုံး တာဝန်ကျေအောင် ထမ်းဆောင်သွားပါမယ်လို့ ကတိပြုပါတယ်။

၂။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ခံယူချက်က ကျွန်တော်တို့မြန်မာနိုင်ငံမှာ ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းထားပြီဖြစ်တဲ့အတွက်ကြောင့် နိုင်ငံသားတစ်ယောက်အနေနဲ့ နိုင်ငံတော်က ချမှတ်ထားတဲ့ ဥပဒေကို လိုက်နာ ဆောင်ရွက်ရမယ်ဆိုတဲ့ အသိစိတ်ဓာတ်နဲ့ ကျွန်တော် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ် (၁၁)ကို တက်ရောက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ပညာရပ်တွေကို ကျွန်တော်တို့ တတ်မြောက်သွားပြီဖြစ်တဲ့အတွက်ကြောင့် ယခင်အမြဲတမ်း တာဝန်ထမ်းဆောင်နေတဲ့ စစ်သည်တော်တွေ ညီတော် အစ်ကိုတော်တွေနဲ့ ကျွန်တော်တို့ ပြည်သူ့စစ်မှုထမ်းတွေ အတူတကွ လက်တွဲဆောင်ရွက်သွားဖို့လည်း ရည်ရွယ်ချက်ရှိပါတယ်။

၃။ ကျွန်တော် ပြည်သူ့စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ အဖျက်အမှောင့်သမားတွေရဲ့ ရန်ကနေ ကျွန်တော်တို့ မြန်မာနိုင်ငံတော်ကြီးကို တစ်ဖက်တစ်လမ်းကနေ ကာကွယ်ပေးနိုင်ဖို့အတွက် ဖြစ်ပါတယ်။ နောက်ပြီးတော့ ပြည်သူ့သားကောင်းတစ်ယောက်အနေနဲ့ မိမိကိုယ်ကို ဂုဏ်ယူချင်လို့ပါ။ တာဝန်ကျမယ့် တပ်ရင်းတပ်ဖွဲ့ကိုရောက်တဲ့အခါ ကျွန်တော့်တိုင်းပြည်၊ကျွန်တော့်လူမျိုးအတွက် ကျွန်တော့်အသက်နဲ့ ခန္ဓာကိုယ်ကို ပေးဆပ်ပြီးတော့ တိုက်ပွဲဝင်သွားမှာဖြစ်ပါတယ်။ ဘယ်လိုနေရာမျိုးမှာပဲ တာဝန်ကျကျ၊ ဘယ်လိုနေရာမျိုးကိုပဲ သွားရသွားရ ကျွန်တော်သွားမှာပါ။ တာဝန်ထမ်းဆောင်ရမယ့် ကာလနှစ်နှစ်ကိုလည်း ကျွန်တော်ပြီးမြောက်အောင် ထမ်းဆောင်သွားမှာပါ။

ထို့နောက် ညပိုင်းတွင် သင်တန်းကျောင်း အသီးသီး၌ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၁)မှ နိုင်ငံ့သားကောင်းစစ်သည်များကို သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲများ ပြုလုပ်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်













နယ်မြေခံစစ်သင်တန်းကျောင်းအသီးသီး၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းပွဲအခမ်းအနားများ ကျင်းပစဉ်။

# အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့် ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ





**မန္တလေး ဇွန် ၆**

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ချမ်းမြသာစည်မြို့နယ်ရှိ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)၌ ကျင်းပရာ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ နည်းပြများ၊ အလှူရှင်များ၊ အားကစားနှင့်ပညာရေးပေါင်းစပ်အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ သင်တန်းသား၊ သင်တန်းသူ ၂၀၀ ဦးနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာ့အားကစားလောကဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကျန်းမာကြံ့ခိုင်၍ အရည်အသွေးမြင့်မားသည့် သွေးသစ်လောင်းနိုင်ပြီး ထူးချွန်သောလူငယ်အားကစားသမားများ စဉ်ဆက်မပြတ် မွေးထုတ်ပေးနိုင်ရန်၊ မြန်မာ့အားကစားလောကအဆင့်အတန်းတိုးတက်မြင့်မားလာစေရန်၊ နည်းစနစ်မှူးများ၊ နည်းပြဆရာကောင်းများ အလုံအလောက်မွေးထုတ်ပေးနိုင်ရန်တို့အတွက် မြန်မာနိုင်ငံအနှံ့မှ လူငယ်မျိုးဆက်သစ် အားကစားသမားများ ရွေးချယ်၍ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးနေပါကြောင်း၊ အားကစား၏တန်ဖိုးကို သိရှိနားလည်ကာ ပညာရေးနှင့်အားကစားပညာရပ်များတွင် ထူးချွန်ထက်မြက်ပြီး နိုင်ငံကိုယ်စားပြု နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားကောင်းများဖြစ်လာအောင် ကြိုးစားသွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးက ပြည်သူလူထုအတွင်း အားကစားစိတ်ဓာတ်၊ အားကစားအသိပညာပြန့်ပွားရေးအတွက် လူထုပညာပေးစည်းရုံးရေးလုပ်ငန်းများ စီမံဆောင်ရွက်ခြင်း၊ လူငယ်မျိုးဆက်သစ်အားကစားသမားများ လေ့ကျင့်ပျိုးထောင်ပေးခြင်းများကို ထဲထဲဝင်ဝင်အကောင်အထည်ဖော်ဆောင်ရွက်သွားရေးတို့ကို ပြောကြားခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ပေး



အပ်သည့် ငွေကျပ်သိန်း ၁၀၀ တန်ဖိုးရှိ ဆန်အိတ်များနှင့်ဆီများကို ကျောင်းအုပ်ကြီးထံ ပေးအပ်၍ သင်တန်းဆိုင်ရာကိစ္စရပ်များတွင် အသုံးပြုနိုင်ရန်အတွက် စေတနာအလှူရှင် ၃၉ ဦးမှ စုစုပေါင်း ငွေကျပ် ၅၉၄၂၀၀၀၀ ရှိ အလှူငွေများနှင့်အားကစားသင်ထောက်ကူ

**စာမျက်နှာ ၁၃ သို့** ❖




































❖ စာမျက်နှာ ၁၂ မှ

ပစ္စည်းများ ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများက လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ပြီးနောက် ကျောင်းအုပ်ကြီးက ကျေးဇူးတင်စကားများ ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် အလှူရှင်များနှင့် သင်တန်းသား၊ သင်တန်းသူများအား နှုတ်ဆက်အားပေးစကားများပြောကြားပြီး ခင်းကျင်းပြသထားသည့် အားကစားနှင့် အထောက်အကူပစ္စည်းများ၊ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးခဲ့ကြောင်း၊ အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ကို ၂၀၀၂-၂၀၀၃ ပညာသင်နှစ်မှ စတင်ဖွင့်လှစ်ခဲ့ပြီး ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် အားကစားနည်း ၁၃ နည်းကို သင်တန်းသား၊ သင်တန်းသူ ၂၂၆ ဦး တက်ရောက်သင်ကြားခဲ့ကြောင်းနှင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် သင်တန်းသား၊ သင်တန်းသူ ၂၀၀ ဦး တက်ရောက်ပြီး အားကစားနည်း ၁၃ နည်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**



# မန္တလေးနှင့် ငလျင်(ဘုရားနီ)

ရက္ခိတ(ရှေး/သု)



ငလျင်မလှုပ်မီ ဘုရားနီ



ငလျင်လှုပ်ပြီး မူလစေတီတော်ပေါ်လာသော ဘုရားနီ

ကျွန်တော်တို့ ရတနာပုံ မန္တလေးမြို့ဟာ မင်းတုန်းမင်းတည်ထောင်ခဲ့တဲ့ နေပြည်တော်ဖြစ်သလို ယဉ်ကျေးမှု အမွေအနှစ် ပေါကြွယ်ဝတဲ့ မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ ပေါလိုက်သမှ ရတနာပုံခေတ်လက်ရာ ဘုရားစေတီကျောင်းကန်တွေရော၊ ရတနာပုံခေတ် မတိုင်မီ ရှေးခေတ်အဆက်ဆက်က ဘုရင်အပါအဝင် အဆင့်အတန်းမျိုးစုံရဲ့ ကုသိုလ်တွေပါ နေရာအနှံ့ပါပဲ။ တစ်ခါ နည်းနည်းထပ်ပြီး အကျယ်ချဲ့ပြောရရင် စေတီ၊ ပုထိုး၊ ဂူပုထိုးတွေသာမက အစဉ်အလာဘုန်းတော်ကြီးကျောင်းများအပြင် နေအိမ်နန်းဆောင်တို့ကို အသွင်ပြောင်း လှူဒါန်းခဲ့တဲ့ ဘုန်းကြီးကျောင်းများအပြင် အနောက်တိုင်းဟန်လွှမ်းတဲ့ ရှေးဟောင်းကျောင်းတော်ကြီးတွေနဲ့ ရသစုံပေးနိုင်တဲ့ အမွေအနှစ်တွေ နည်းမှမနည်းဘဲ။ ဒါတောင် သီပေါဘုရင် ပါတော်မူပြီးနောက်ပိုင်း တည်ဆောက်လှူဒါန်းကြတဲ့ ကိုလိုနီခေတ်လက်ရာနဲ့ ယနေ့ခေတ် လှူဒါန်းတာတွေ ပေါင်းလိုက်ရင် ဘယ်လောက်တောင် ဂုဏ်ယူစရာကောင်းလိုက်သလဲဆိုတာ ပြောမကုန်နိုင်အောင်ပါပဲ။ အဲ့ဒီလို ပေါကြွယ်ဝလှတဲ့ အမွေအနှစ်တွေဟာ ၂၀၂၅ ခုနှစ်၊ မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်း ငလျင်ကြီးဒဏ်ကြောင့် အတော်များများ ပျက်စီးဆုံးရှုံးလိုက်ရပါတယ်။ ပြန်လည်ထူထောင်ဖို့၊ ထူထောင်ကြတဲ့ အခါမှာလည်း ရေရှည်ခိုင်ခံ့အောင် သင့်တော်တဲ့ နည်းပညာသုံးပြီး တည်ဆောက်ကြဖို့ ပညာရှင်တွေက ဆော်ဩနေကြပါတယ်။

ကျွန်တော်ကတော့ ရှေးဟောင်းသမားဆိုတော့ ပြန်လည်တည်ဆောက်ရေးထက်စာရင် ငလျင်ကြောင့် ပျက်စီးခဲ့ရတဲ့ ယဉ်ကျေးမှုအမွေအနှစ်တွေရဲ့ တန်ဖိုးသုံးမျိုးဖြစ်တဲ့ (၁) သမိုင်းတန်ဖိုး - Historical Value (၂) ယဉ်ကျေးမှုတန်ဖိုး - Cultural Value (၃) ရှေးဟောင်းတန်ဖိုး - Archaeological Value ရှုထောင့်ကနေပြီး မပျက်စီးမီနဲ့ ထိခိုက်ပျက်စီးပြီးနောက်ပိုင်း အခြေအနေတို့ကို ရှေးဟောင်းသုတေသနအမြင်နဲ့ဗဟုသုတဖြစ်ဖွယ် လေ့လာတင်ပြသွားပါ့မယ်။ ကျွန်တော်ပထမဆုံး တင်ပြမယ့် စေတီတော်ကတော့ ၈၁ လမ်း၊ ၂၁လမ်းနှင့် ၂၂ လမ်း၊ ပုလဲငွေရောင်ရပ်ကွက်မှာ တည်ရှိနေတဲ့ ဘုရားနီဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီစေတီဟာ ငလျင်ဒဏ်ခံရပြီးနောက် သိလာရတဲ့ အတွင်းစေတီပါတဲ့ နှစ်ထပ်စေတီတစ်ဆူ ဖြစ်လို့ပါပဲ။ "ပူပြင်းလှတဲ့ နေရောင်ခြည်ဟာ တချို့အသီးတွေကို ပုပ်သွားစေသော်လည်း တချို့သော အသီးတွေကိုတော့ ချိုမြိန်တဲ့ အရသာရှိအောင် ဝင်းမှည့်သွားစေတယ်" ဆိုတဲ့ ဆိုရိုးစကားလေးဟာ ဘုရားနီအတွက် တိုက်ဆိုင်မှန်ကန်နေလို့ပါ။ ဘယ်လိုတိုက်ဆိုင်နေသလဲဆိုတာ ဆက်ပြီး တင်ပြပါ့မယ်။

ရှေးဦးစွာ ပြောလိုတာကတော့ ဘုရားနီရဲ့ သမိုင်းကြောင်းပါပဲ။ ဘုရားနီစေတီတော်ဟာ ရတနာပုံ မန္တလေးမတိုင်မီ ကာလကတည်းက တည်ရှိနေတဲ့ စေတီတော်ဟောင်းတစ်ဆူ ဖြစ်ပါတယ်။ ကျွန်တော်တို့ ရှေးကဘိုးဘွားများကလည်း မှတ်တမ်းမှတ်ရာ အားနည်းလေတော့ (မှတ်တမ်းတင်ခဲ့တာ ရှိခဲ့ရင်လည်း ပေတို့၊ ပုရပိုက်ဆိုတာ ဆွေးမြေ့ပျက်စီးလွယ်တာကိုး။) ဘုရားနီရဲ့သမိုင်းဆိုတာ ခိုင်မာမှုအားနည်းနေတာကို တွေ့ရပါတယ်။ ဆိုလိုတာက ဘယ်ခေတ်ကာလမှာ ဘယ်ပုဂ္ဂိုလ်က ဘယ်လိုအကြောင်းကြောင့် တည်ထားခဲ့သလဲဆိုတာ မတွေ့ရသေးပါဘူး။ မြန်မာတို့ထုံးစံအတိုင်း သီရိဓမ္မာသောကမင်းကြီးရဲ့အလှူ စေတီပေါင်း ၈၄၀၀၀ ထဲကတစ်ဆူ၊ ပုဂံခေတ် အနော်ရထာမင်းကြီး တရုတ်ပြည်က စွယ်တော်ပင့်ပြီးအပြန် တည်ထားခဲ့တယ်ပေါ့။ ပြီးတော့မှ အမရပူရခေတ် ဘိုးတော်ဗဒုံမင်းရဲ့ ရွှေတိုက်ဝန်မောင်နှမတို့က ဘုရင်ကြီးထံ အခွင့်ခံပြီး ပြန်လည်ပြုပြင်ခဲ့ကြတယ်လို့ ဘုရားနီရဲ့ ခေတ်အဆက်ဆက်ဘုရားသမိုင်းမှာ ဖော်ပြခဲ့ကြပါတယ်။ အဲဒီသမိုင်းထဲမှာပဲ ရွှေတိုက်ဝန်မောင်နှမဟာ စေတီတော်ကြီးကို အင်္ဂတေအချောမကိုင်ဘဲ အုတ်စီအတိုင်း ထားခဲ့ကြတဲ့အတွက် ဘုရားနီလို့ အမည်တွင်နေခဲ့တာပါတဲ့။ အဲဒီလို သမိုင်းမျိုးကို မဟာမုနိဘုရားကြီးတောင်ဘက်က အာနန္ဒာလိုဏ်ဘုရားကိုလည်း အင်္ဂတေအချောမကိုင်လို့ သိမ်နီကြီးလို့ ထင်ရှားခဲ့တဲ့နည်းတူ အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်းအလွန် တောင်သမန်အင်းသွားလမ်းကွေ့နားက သိမ်ကြီးကိုလည်း အင်္ဂတေအချောမကိုင်ဘဲ ဒီအတိုင်းထားခဲ့လို့ သိမ်နီကြီးဆိုပြီး အမည်တွင်ခဲ့ပါတယ်။ အဲ့ဒီအဆောက်အအုံသုံးဆူလုံးဟာ အမရပူရခေတ်ဆိုတာတော့ သေချာပါတယ်။ ဘာကြောင့်များ အပြီးမသတ်တာလဲဆိုတာကတော့ စိတ်ဝင်စားစရာပါ။ ဘုရားနီအကြောင်းဆက်ရရင် အဲဒီလို အုတ်နီအတိုင်းထားလို့ ဘုရားနီအဖြစ် အမည်တွင်နေတာကို ရတနာပုံမန္တလေးခေတ် မင်းတုန်းမင်းကြီးရဲ့ တောင်ဆောင်တော်မိဖုရားက ဘုရင်ကြီးထံ အခွင့်တောင်းခံပြီး အနည်းငယ်မွမ်းမံလို့ အချောကိုင်လိုက်တဲ့အတွက် အုတ်နီရောင်ပျောက်သွားသော်လည်း ဘုရားနီဆိုတဲ့ ဘွဲ့အမည်ကတော့ ဆက်ပြီး တွင်နေဆဲပါ။

ဘုရားနီစေတီရဲ့ ပုံသဏ္ဌာန်ကို ပြောရရင် ကြာသွတ်အိုးတွေ၊ စေတီရံတွေပါတဲ့ ပစ္စယံသုံးဆင့်၊ ရှစ်မြှောင့်ကြေးဝန်းခေါင်းလောင်းနဲ့ အထက်ပိုင်းမှာ ဖောင်းရစ်တွေ ကြာလှန်ကြာမှောက်နဲ့ ထီးအထွတ်တင်ထားတဲ့ မြေပေါက်စေတီတော် အမျိုးအစားပါပဲ။ ခေါင်းလောင်းရဲ့ ရင်ဖွဲ့တော် ထက်အောက်မှာ ပန်းစိန်တောင်နဲ့ ဘီလူးပန်းဆွဲတွေလည်း အလှဆင်ထားလေရဲ့။ နည်းနည်းထူးတာက စေတီတော်ကို အောက်ခြေရင်ပြင်တော်မှာ စိန်တောင်များနဲ့ ကာရံထားပြီး ထောင့်လေးထောင့်မှာ ၅ ပေခန့်မြင့်တဲ့ မနုသီဟရုပ်တွေ ထည့်သွင်းထုလုပ်ထားတာတွေ့ရပါတယ်။ အဲ့ဒီလို မနုသီဟရုပ်ထည့်သွင်းခြင်း အစဉ်အလာဟာ အမရပူရခေတ်မှာ စတင်ဆောင်ရွက်ခဲ့တာမို့ ဘိုးတော်ဗဒုံမင်းရဲ့ ရွှေတိုက်ဝန်မောင်နှမ ပြုပြင်ခဲ့တယ်ဆိုတာကိုတော့ လက်ခံလို့ ရသွားပါပြီ။ အပေါ်ကအချောကတော့ မင်းတုန်းမင်း တောင်ဆောင်တော်မိဖုရားအပြင် နှောင်းခေတ်မှာလည်း အထပ်ထပ်ပြန်လည်ပြုပြင်ခဲ့ကြတော့ ရောနေပါပြီ။ ဘာပြုလို့လဲဆိုတော့ သဘာဝဘေး၊ ကမ္ဘာ့စစ်ဘေး၊ မနုဿဘေးတို့ကြောင့် ဘုရားစေတီ အတော်များများဟာ အသစ်ဖြစ်နေလို့ပါပဲ။

ဘုရားနီရဲ့ နောက်ထပ် ထူးခြားတာ တစ်ခုကတော့ ကမ္ဘာလေးရပ်သစ္စာတိုင်ဆိုတဲ့ အကြောင်းပါပဲ။ ကမ္ဘာလေးရပ်သစ္စာတိုင်ဆိုတာက ရှေးခေတ်မှာ အမှုအခင်းတစ်ခုဖြစ်လို့ ရုံးတော်အဆင့်ဆင့်ရဲ့ ဆုံးဖြတ်ချက်ကို မကျေနပ်ရင် နောက်ဆုံးအယူခံသဘောမျိုး သဘောတူဆုံးဖြတ်ကြတဲ့ အခြေအနေတစ်ခုဖြစ်ပါတယ်။ အဲ့ဒီလေးရပ်ကတော့ (၁) ဆန်ဝါးပြိုင်ခြင်း၊ (၂) မီးထွန်းပြိုင်ခြင်း၊ (၃) ရေငုပ်ပြိုင်ခြင်း၊ (၄) သဲပူနှိုက်ပြိုင်ခြင်းတို့ ဖြစ်ပါတယ်။ သာမန်ပြိုင်ကြတဲ့ ပုံစံမျိုးတော့ မဟုတ်ပါဘူး။ နှစ်ဖက်သက်ဆိုင်သူတွေဟာ သမာဓိလူကြီးတွေ သက်သေထားပြီး ဘုရားဆင်းတုတော်ရှေ့မှာ ငါးပါးသီလကို လေးလေးနက်နက်ခံယူပြီးမှ အသီးသီးသစ္စာဆိုလို့ တစ်မျိုးမျိုးကို ပြိုင်ကြရခြင်းဖြစ်ပါတယ်။ ဗုဒ္ဓဘာသာဝင်များဖြစ်သည်နှင့်အညီ ဘုရားကို ဆုံးဖြတ်ခိုင်းတဲ့ သဘောမျိုးပါပဲ။ ရလဒ်အဖြေကိုလည်း နှစ်ဖက်ကျေကျေနပ်နပ် ခံယူကြလေ့ရှိပါတယ်။ ယနေ့ခေတ်အမြင်နဲ့ကြည့်ရင်တော့ သဘာဝမကျဘူး ဆိုပေမယ့် အဲ့ဒီကမ္ဘာလေးရပ်သစ္စာတိုင် ဆုံးဖြတ်ခြင်းဟာ ပုဂံခေတ်ကစလို့ သီပေါမင်းလက်ထက်တိုင် အမှုနဲ့ နှစ်ဖက်သက်ဆိုင်သူတွေ လုပ်ခဲ့ကြတယ်ဆိုတဲ့ မှတ်တမ်းတွေ လေ့လာတွေ့ရှိနိုင်ပါတယ်။ ရာဇဝင်မှာ ဘုရင့်နောင်လို ထင်ရှားတဲ့ ဘုရင်တောင် ရှမ်းအမျိုးသမီးနဲ့ ကလေးရပြီး ငြင်းတဲ့အခါ ကမ္ဘာလေးရပ် ဆုံးဖြတ်ချက် ခံယူပြီးတော့ မူးမတ်ဗိုလ်ပုံအလယ်မှာ သူ့သားတော်အဖြစ် ရှင်သစ္စာ(အင်းဝမြို့ကို ဒုတိယအကြိမ် ပြန်လည်ထူထောင်ခဲ့သူ ညောင်ရမ်းမင်း)ကို လက်ခံခဲ့တာဆိုတာ တွေ့ရတော့ ကမ္ဘာလေးရပ် သစ္စာပြိုင်ဆုံးဖြတ်ချက်ဟာ မြန်မာ့လူ့အဖွဲ့အစည်းထဲမှာ အတော်အရေးပါခဲ့တယ်ဆိုတာကို တွေ့ရပါတယ်၊ (ဘုရင့်နောင် ကမ္ဘာလေးရပ်သစ္စာတိုင်မှာ ရှုံးခဲ့တဲ့အကြောင်း သီးခြားရေးသားပါဦးမည်)။ အဲဒီလို ကမ္ဘာလေးရပ်နဲ့ ပတ်သက်ပြီး ထင်ရှားခဲ့တဲ့ ဘုရားနီဟာ ကိုလိုနီခေတ်မှာလည်း ဂေဇက်ဝင်ဘုရားတစ်ဆူအဖြစ် သတ်မှတ်ခြင်းခံရပါတယ်။ ထပ်မံပြီး အမွှမ်းတင်ရရင် ဘုရားနီလို ကမ္ဘာလေးရပ်သစ္စာတိုင် ဘုရားဆိုတာ ပုဂံခေတ်ကတည်းက ရှိခဲ့တယ်လို့ ဆိုကြသော်လည်း ဘယ်ဘုရားရယ်လို့ တိတိကျကျ နာမည်ကြီးပြီး ထင်ရှားတာ နည်းပါတယ်။ စေတီတိုင်း၊ ဘုရားတိုင်းမှာ အလွယ်တကူ သစ္စာတိုင်ပြိုင်ကြလေ့မရှိပါ။ ဘုရားနီကတော့ ခေတ်အဆက်ဆက် ကမ္ဘာလေးရပ်သစ္စာတိုင်ပြိုင်ကြတာနဲ့ ပတ်သက်ပြီး ယနေ့တိုင် အထောက်အထားကျန်ရှိနေတဲ့ ထင်ရှားတဲ့ ဘုရားတစ်ဆူဖြစ်ပါတယ်။ အဲဒီလို ထူးခြားတဲ့ ဘုရားမျိုး မန္တလေးမှာ ရှိနေတာက ဂုဏ်ယူစရာပါ။

အခုဆက်ပြီး တင်ပြလိုတာက မန္တလေးငလျင်ကြီး လှုပ်ခတ်လိုက်တော့ ဘုရားနီစေတီတော်ရဲ့ ထီးတော်ကစလို့ မြောက်ဘက်ခြမ်းဟာ ပြိုကျပျက်စီးခဲ့ပါတယ်။ ငလျင်ကြီးလှုပ်ပြီးတော့ ရှေးဟောင်းသုတေသနဌာနမှ ဝန်ထမ်းများဟာ မန္တလေးအပါအဝင် ရှေးဟောင်းဒေသတွေမှာရှိတဲ့ အမွေအနှစ်များရဲ့ ပျက်စီးမှုအခြေအနေကို လိုက်လံစာရင်းကောက်ယူလို့ မှတ်တမ်းတင်ကြပါတယ်။ အဲဒီမှာ ဘုရားနီဟာ အတွင်းက မူလစေတီတော်ပေါ်လာလို့ နှစ်ထပ်လွှမ်းငုံစေတီ (Encased Stupa )ဖြစ်တယ်ဆိုတာ သိလိုက်ရပါတယ်။ အင်းဝအပါအဝင် စစ်ကိုင်း၊ ပလိပ်၊ မြင်စိုင်းနဲ့ ကျောက်ဆည်ရှေးဟောင်းဒေသတွေမှာ နှစ်ထပ်လွှမ်းငုံစေတီတော်အတော်များများ တွေ့ရသော်လည်း မန္တလေးဒေသမှာတော့ ဘုရားနီစေတီတစ်ဆူတည်း တွေ့ရတာပါ။ အတွင်းက မူလစေတီတော်ဟာ ပစ္စယံအဝိုင်းနဲ့ တည်ဆောက်ထားပြီး အင်္ဂတေနဲ့ အချောကိုင်ထားတာ ပကတိအတိုင်း တွေ့ရပါတယ်။ နောက်တစ်ချက်ကလည်း အတွင်းက မူလစေတီတော်ရဲ့ ဉာဏ်တော်ဟာ အခြားဒေသတွေမှာ တွေ့ရတဲ့ နှစ်ထပ်လွှမ်းငုံစေတီတော်တွေထက် ဉာဏ်တော်သာမက အရွယ်အစားကလည်းပိုကြီးပါတယ်။ မူလစေတီတော်မှာ ပါဝင်တဲ့ အနုပညာလက်ရာ အနေအထားနဲ့ ပုံသဏ္ဌာန်ဟန်ပန်တို့အရ အတွင်းက မူလစေတီတော်ဟာ အင်းဝခေတ်ဦးပိုင်းလက်ရာဖြစ်မယ်လို့ သုံးသပ်ရပါတယ်။ မူလစေတီတော်ကို အပြင်ကနေ နောက်ပိုင်းခေတ်တွေမှာ လွှမ်းငုံပြုပြင်တည်ဆောက်တဲ့ အကြိမ်ရေဟာလည်း နှစ်ကြိမ်-သုံးကြိမ်လောက် ဖြစ်တယ်ဆိုတာ တွေ့ရှိရတဲ့ ရှေးအုတ်ခဲကြီးတွေရဲ့ အရွယ်အစားနဲ့ ကျန်ရှိနေတဲ့ အခြေအနေကိုကြည့်ပြီး ခန့်မှန်းနိုင်ပါသေးတယ်။ ဒီတော့ ကမ္ဘာလေးရပ် သစ္စာတိုင်ပြိုင်ကြခြင်းကြောင့် ဘုရားနီဟာ ယဉ်ကျေးမှုတန်ဖိုး( Inten gible Cultural Value) မြင့်မားနေခဲ့တဲ့အပြင် ထပ်မံတွေ့ရှိလာရတဲ့ မူလစေတီတော်အရ သမိုင်းတန်ဖိုးနဲ့ ရှေးဟောင်းတန်ဖိုးလည်း ပိုလို့ မြင့်မားနေပြန်ပါပြီ။ အဲဒီလို တန်ဖိုးကြီးမားတဲ့ အတွင်းက မူလစေတီတော်ကို ငလျင်ကြီးကြောင့် သိရှိခွင့်ရရှိခဲ့တာဖြစ်ပြီး ပြန်လည်ပြုပြင်ထိန်းသိမ်းတဲ့အခါမှာ လည်း ပုဂံမြို့ဟောင်းက ကျောက်မျက်မော်စေတီတော်လို စနစ်တကျ ထိန်းသိမ်းပြသလိုက်ရင် ဘုရားနီရဲ့သမိုင်းဟာ ယခင်ထက်ပိုပြီး ထင်ရှားလာမယ်လို့ ယုံကြည်ပါကြောင်း အကြံပြုတိုက်တွန်းရေးသား တင်ပြလိုက်ပါတယ်။

**ကျမ်းကိုး-**

**-မန္တလေးဝန်းကျင်က ရှေးဟောင်းသမိုင်းဝင် အဆောက်အအုံများ**

**-(ယဉ်ကျေးမှုဝန်ကြီးဌာန)**

**(ဆက်လက်ဖော်ပြပါဦးမည်)**

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲကျင်းပ



**ရွှေဘို ဇွန် ၆**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Centre ခန်းမ၌ ဇွန် ၅ ရက် နံနက် ၁၀ နာရီက အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေး ဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းမှ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသောင်းတင်ထွေးက သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် အသေးစား၊စက်မှုလက်မှုလုပ်ငန်းများ ထွန်းကားလာစေခြင်းဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အသေးစားကုန်ထုတ်လုပ်ငန်းများ ထူထောင်ပေးခြင်းဖြင့် ကျေးလက်နေ ပြည်သူများကို အလုပ်အကိုင် အခွင့်အလမ်းများပေါ် ဖန်တီးပေးနိုင်ပြီး မိသားစုဝင်ငွေတိုးပွားရေးကို အထောက်အကူပြုစေမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရွှေဘိုခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလင်းထက်မောင်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာတွင် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းကို အခြေခံ(၁)ကြိမ်၊ မွမ်းမံ(၁)ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ပြီးပါက သင်တန်းသားများထဲမှ အမှန်တကယ် လုပ်ငန်းထူထောင်မည့် သင်တန်းသား ငါးဦးကို စိစစ်ရွေးချယ်ပြီး တစ်ဦးလျှင် ငွေကျပ် ၁၄ သိန်းနှင့် ညီမျှသည့် လုပ်ငန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ဇွန် ၅ ရက်မှ ၁၁ ရက်အထိ ရက်သတ္တတစ်ပတ်ကြာ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းသား၊ သင်တန်းသူ ၁၅ ဦး တက်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

# လက်ရက်ကန်းဒီဇိုင်း တီထွင်ဆန်းသစ်မှုနည်းပညာသင်တန်း ဖွင့်လှစ်



**ညောင်ရွှေ ဇွန် ၆**

ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး)မှ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းပါ ဘေးဒဏ်သင့်ပြည်သူများအတွက် စီးပွားရေးလုပ်ငန်းများ ပြန်လည်ထူထောင်ပေးရေးဆောင်ရွက်မည့် စီမံကိန်းလုပ်ငန်းဖြင့် လက်ရက်ကန်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၁၀ နာရီခွဲက ညောင်ရွှေမြို့နယ် အင်းလေးဒေသ၊ တောင်ပို့နီကျေးရွာတွင် ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ရှမ်းပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးစိုးနိုင်ထူးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ညောင်ရွှေမြို့နယ်၊ နန်းပန်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သူက ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း(တောင်ကြီး) ကျောင်းအုပ်ကြီး ဒေါ်ဝင်းဝင်းမာတို့က လုပ်ငန်းသုံးသင်ထောက်ကူပစ္စည်းများ ပေးအပ်ကြရာ သင်တန်းသူနှစ်ဦးက လက်ခံရယူခဲ့သည်။

အဆိုပါလက်ရက်ကန်းဒီဇိုင်းတီထွင်ဆန်းသစ်မှုနည်းပညာသင်တန်းကို ဇွန် ၅ ရက်မှ ဇူလိုင် ၄ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)




စာအုပ်၊ စာပေ

လူ့ မိတ်ဆွေ ။

ဖတ်စရာ၊ မှတ်စရာ
စုံလင်
ယနေ့နေပြည်တော်

## ပဲ့ကိုင်ရှင်

* စေတနာ  
ဝါသနာ  
အနစ်နာ  
အကြင်နာနှင့်  
မေတ္တာစိတ်ထား  
ပီတိစားကာ စာသင်ရှာ ။

* စိတ်ဓာတ် ၊ စည်းကမ်း  
နည်းလမ်း ၊ လိုက်နာ  
ပညာရဲရင့်  
ပွဲလယ်တင့်အောင်  
လေ့ကျင့်မြှင့်တင်  
သွန်သင်ပေးတာ မြတ်ဆရာ ။

* သတိ ၊ သမာဓိ  
ဝီရိယ ၊ သိက္ခာ  
ပညာပြည့်ဝ  
အတတ်လည်း သင်  
ပဲ့ပြင်ဆုံးမ  
အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ။

* ပညာခေတ်မှာ  
ဝိဇ္ဇာ ၊ သိပ္ပံ  
အသိဉာဏ်နှင့်  
လမ်းမှန်ရောက်ကြ  
ဘေးမဲ့ခအောင်  
ညွှန်ပြမောင်းနှင် ပဲ့ကိုင်ရှင် ။ ။

မိုးထက်ကို(အမရပူရ)

# စာဖတ်ရှိန်မြှင့်တင်ရေး Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ သွားရောက်ငှားရမ်းပေး

**မိုင်းစံ ဇွန် ၆**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ မိုင်းရှူးခရိုင်၊ မိုင်းစံမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ Mobile Library စနစ်ဖြင့် စာအုပ်၊စာစောင်များ ငှားရမ်းပေးခြင်းကို ဇွန် ၅ ရက် နံနက် ၁၀ နာရီက မိုင်းစံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် သွားရောက်ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်၊ စာစောင်များ ငှားရမ်းပေးရာတွင် စာကြည့်တိုက်သို့ ကိုယ်တိုင်မလာရောက်နိုင်သည့် စာဖတ်ပရိသတ်များအတွက် စာပေဖတ်ရှုနိုင်ရန် ရည်ရွယ်၍ သုတ၊ ရသ စာအုပ်၊ စာစောင်များ ငှားရမ်းပေးပြီး အပတ်စဉ် စာအုပ်အသစ်များ သွားရောက်လဲလှယ်ငှားရမ်းပေးလျက်ရှိကြောင်း သိရသည်။



(ယာပုံ)

မြို့နယ်(ပြန်/ဆက်)

# ကချင်ပြည်နယ် နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တပ်မတော်မှ ထောက်ပံ့ပေးအပ်သည့် စားသောက်ကုန်ပစ္စည်းများနှင့် ထောက်ပံ့ရေးပစ္စည်းများပို့ဆောင်

နေပြည်တော် ဇွန် ၆

ကချင်ပြည်နယ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နောင်မွန်းမြို့နယ် အတွင်းရှိ နောင်မွန်း - ပန်နန်းဒင်သွား မေခမြစ်ကူး(လူကူး)ကြိုးတံတားသည် မေ ၃၁ ရက်တွင် မေခမြစ်ရေ အဆမတန် မြင့်တက်ကာ မြစ်အတွင်း မျောပါသွားခဲ့သဖြင့် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်ခဲ့ပြီး အဆိုပါဒေသရှိ ရေဘေးသင့်ပြည်သူများ အခက်အခဲများ ဖြစ်ပေါ်လျက်ရှိသဖြင့် ပျက်စီးခဲ့သည့် ကြိုးတံတားအား ဌာနဆိုင်ရာ တာဝန်ရှိသူများက









အမြန်ဆုံး ပြန်လည်ဆောက်လုပ်ခဲ့ရာ ဇွန် ၄ ရက်တွင် ဆောက်လုပ်ပြီးစီးခဲ့မှုနှင့် နောင်မွန်းမြို့နယ် အတွင်းရှိရေဘေးသင့်ပြည်သူများ အတွက် မော်တော်ယာဉ်များဖြင့် စားသောက်ဖွယ်ရာများသွားရောက်ပို့ဆောင်လျက်ရှိသည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့တွင် အဆိုပါ နောင်မွန်းမြို့နယ်အတွင်းရှိ ရေဘေးသင့်ကျေးရွာများဖြစ်သည့် တလာထုကျေးရွာ၊ ပန်နန်းဒင်ကျေးရွာနှင့် ရီဒမ်းကျေးရွာတို့ရှိ ဒေသခံပြည်သူ ၂၅၉ ဦးတို့အား တပ်မတော်မှ ထောက်ပံ့ပေးအပ်သည့် ဆန် ၁၁၅ အိတ်၊ ဆီ ၁၇၅ ပိဿာ၊ ဆား ၅၈ ပိဿာ၊ ကုလားပဲ ၃၈၈ ပိဿာ၊ ဆေးဝါးများနှင့် အခြားစားသောက်ဖွယ်ရာများကို နယ်မြေခံတပ်မတော်သားများနှင့် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များက အဆိုပါကျေးရွာများသို့ သွားရောက်ပို့ဆောင်ပေးခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ဆက်လက်၍လည်း လိုအပ်သည့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား ကိုးဦး သက်ဆိုင်ရာ နိုင်ငံများသို့ ထပ်မံပြည်နှင်လွှဲပြောင်းပေးအပ်



နေပြည်တော် ဇွန် ၆

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှု (Telecom Fraud) နှင့် ဒုစရိုက်မှုလုပ်ငန်းများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပြတ်ပြတ်သားသား စုံစမ်းဖော်ထုတ်တိုက်ဖျက်လျက်ရှိပြီး အဆိုပါလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ လွှဲပြောင်းပေးအပ်လျက်ရှိရာ ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ အပါအဝင် ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသားရှစ်ဦးနှင့် ကွန်ဂိုနိုင်ငံသားတစ်ဦး စုစုပေါင်း ကိုးဦးတို့အား ယနေ့တွင် မြန်မာ-ထိုင်းအမှတ်(၂) ချစ်ကြည်ရေးတံတားမှ တစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံပြည်နှင်လွှဲပြောင်းပေးသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများက အဆိုပါလွှဲပြောင်းပေးအပ်မည့် ပြည်ပနိုင်ငံသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိစေရေးအတွက် ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည့် အချက်အလက်အထောက်အထား စာရင်းဇယားများ မှန်ကန်ပြည့်စုံစွာ ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကရင်ပြည်နယ် ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဘုန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Assistance to Nationals Officer Mr. James Kevin B. Casalme နှင့် တာဝန်ရှိသူများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ ကွန်ဂိုသမ္မတနိုင်ငံသံရုံးမှ သံရုံးကိုယ်စားလှယ် Mr. Teardkiet Chinso-ranant နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူများက သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူထံသို့ ပြည်နှင်လွှဲပြောင်း လက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဇွန်လ ၆ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားစုစုပေါင်း ၉၁၁၄ ဦးကို စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၈၇၀၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၄၀၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာ နိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် ဝန်ကြီးချုပ် ဖရက်ဒရိတ်မားဇ် အိမ်ဖြူတော်၌ တွေ့ဆုံ၊ နှစ်နိုင်ငံကုန်သွယ်ရေး ဆွေးနွေး



**ဝါရှင်တန် ဇွန် ၆**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့်နှင့် ဂျာမနီဝန်ကြီးချုပ် ဖရက်ဒရိတ်မားဇ်တို့နှစ်ဦးသည် ဇွန် ၅ ရက်တွင် ကုန်သွယ်ရေးနှင့် ကာကွယ်ရေးအသုံးစရိတ်များအပေါ် ဆွေးနွေးမှုများဖြင့် အိမ်ဖြူတော်၌တွေ့ဆုံမှုကို စတင်ခဲ့ကြပြီး အခြားနိုင်ငံခြားခေါင်းဆောင်များနှင့် ထရမ့်၏ မကြာသေးမီက တွေ့ဆုံမှုများထက် ပိုမိုရင်းနှီးသောလေသံဖြင့် ဆောင်ရွက်ခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

ဂျာမနီ၏ ကောင်းမွန်သော ကိုယ်စားလှယ်နှင့် ခက်ထန်သူဟု ချီးမွမ်းကာ ၎င်းကို ထရမ့်က မားဇ်ကို ရည်ရည်မွန်မွန် ပြောဆိုဆက်ဆံခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်များကို ဂျာမနီနိုင်ငံတွင် ဆက်လက်ထားရှိမည်ဖြစ်ပြီး ဂျာမန်ကာကွယ်ရေး အသုံးစရိတ်တိုးမြှင့်ခြင်းကို ကြိုဆိုကြောင်း ထရမ့်က ထုတ်ဖော်ပြောကြားသည်။

မားဇ်က ဝါရှင်တန်နှင့် ပိုမိုနက်ရှိုင်းသော ဆက်ဆံရေးအတွက် အဆင်သင့်ဖြစ်ကြောင်း ပြောကြားပြီး ရှေးရိုးစွဲနိုင်ငံရေးသမားနှစ်ဦးသည် တိုတောင်းသော သတင်းစာရှင်းလင်းပွဲအတွင်း ဧည့်ခံမှုများနှင့် ပတ်သက်၍ ကျေးဇူးတင်စကားများ ဖလှယ်ကာ အလွန်အဆင်ပြေပုံရခဲ့သည်။

နှစ်ဦးနှစ်ဖက်ပြောဆိုဆက်ဆံရာတွင် အဆင်ပြေကြသော်လည်း ကုန်သွယ်ရေးတွင် အဖြေမရှိသေးသော တင်းမာမှုများ ကျန်ရှိနေဆဲဖြစ်သည်။

"ကျွန်တော်တို့ ကုန်သွယ်ရေးသဘောတူညီချက်နဲ့ အဆုံးသတ်မယ်လို့ မျှော်လင့်ပါတယ်။ အကောက်ခွန်တွေနဲ့ပတ်သက်လို့လည်း ကျွန်တော်သဘောတူတယ်၊ ဒါမှမဟုတ် သဘောတူညီချက်တစ်ခုလုပ်မယ်" ဟု ထရမ့်က ပြောကြားခဲ့ကြောင်း သိရသည်။ **Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ကမ္ဘာ့လက်ရှိဈေးကွက်တွင် ငွေဈေးမြင့်တက်လာ ၁၃ နှစ်ကျော်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိ



**ဝါရှင်တန် ဇွန် ၆**

ကမ္ဘာ့လက်ရှိဈေးကွက်တွင် ငွေဈေးသည် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၃၅ ဒေါ်လာအထိ ခုန်တက်လာကာ ယမန်နေ့က ၁၃နှစ်ကျော်အတွင်း အမြင့်ဆုံးအဆင့်သို့ ရောက်ရှိလာကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

စပေါ့ငွေဈေးသည် ၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ကာ တစ်အောင်စလျှင် ၃၅ ဒသမ ၈၂ ဒေါ်လာရှိလာပြီး ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလနောက်ပိုင်း အမြင့်ဆုံးဖြစ်သည့် ၃၆ ဒသမ ၀၈ ဒေါ်လာအထိ ရောက်ရှိခဲ့သည်။

ငွေဖြူသည် ရွှေနှင့်အမှတ် ကွာခြားစွာ ဈေးကွက်ပိတ်လိမ့်မည်ဟု မျှော်လင့်ရပြီး ဤသတ္တုတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံအချက်များ ခိုင်မာနေသည်ဟု အမေရိကန်ကုန်စည်ဖလှယ်ပညာရှင် နီတက်ရှ်ရှားက သုံးသပ်ပြောကြားကြောင်း သိရသည်။ **Mon**

## မလေးရှားနိုင်ငံအစိုးရပိုင် ပီထရိုနတ်စ်စွမ်းအင်ကုမ္ပဏီ လုပ်သားအင်အား၏ ၁၀ ရာခိုင်နှုန်းခန့် လျှော့ချသွားမည်

**ကွာလာလမ်ပူ ဇွန် ၆**

မလေးရှားနိုင်ငံအစိုးရပိုင် ပီထရိုနတ်စ်စွမ်းအင်ကုမ္ပဏီသည် လုပ်သားအင်အား၏ ၁၀ ရာခိုင်နှုန်းခန့်ကို လျှော့ချသွားမည်ဖြစ်သည်ဟု ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ်က ဇွန် ၅ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

အဆိုပါအစိုးရပိုင်ကုမ္ပဏီသည် ကနေဒါနိုင်ငံရှိ ၎င်း၏လုပ်ငန်းများကိုမူ ရပ်သိမ်းမည်မဟုတ်သေးကြောင်း သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ပြင်းဆိုခဲ့သည်။

ပီထရိုနတ်စ်စွမ်းအင်ကုမ္ပဏီအနေဖြင့် လာမည့်ဆယ်စုနှစ်များအတွင်း ကုမ္ပဏီ၏ရှင်သန်ရပ်တည်နိုင်ရန် လုပ်သားအင်အားကို အတိုင်းအတာတစ်ခုအထိ လျှော့ချဖို့လိုအပ်သည်ဟု မလေးရှားမီဒီယာများ၌ ယခင်ကဖော်ပြခဲ့ဖူးသည်။

ယခင်က လူသိများခဲ့သော ယင်းကုမ္ပဏီကို လက်လွှဲရောင်းချရန်အထိ စဉ်းစားနေကြောင်း သိရသည်။ **Mon**



## ဂျပန်နိုင်ငံရှိ အိမ်ထောင်စုများ၏ ငွေသုံးစွဲမှုပမာဏ ဧပြီလတွင် ကျဆင်းခဲ့သည်ဟု အစိုးရထုတ်ပြန်

**တိုကျို ဇွန် ၆**

ဂျပန်နိုင်ငံရှိ အိမ်ထောင်စုများ၏ ငွေသုံးစွဲမှုသည် ဧပြီလတွင် မထင်မှတ်ဘဲ ကျဆင်းခဲ့သည်ဟု အစိုးရ၏ ထုတ်ပြန်ချက်အရ သိရပြီး ဈေးနှုန်းများ မြင့်တက်လာမှုကြောင့် စားသုံးသူများ ပိုမိုကြပ်တည်းစွာ သုံးစွဲခဲ့ရကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ပြည်တွင်းရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ စားသုံးသူအသုံးစရိတ်သည် ဧပြီလတွင် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက ၀ ဒသမ ၁ ရာခိုင်နှုန်း ကျဆင်းခဲ့ရာ ဈေးကွက်၌ ခန့်မှန်းထားသည့် ၁ ဒသမ ၄ ရာခိုင်နှုန်း မြင့်တက်မှုနှင့် မတ်လက ၂ ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်မှုတို့ထက် ပိုမိုဆိုးရွားခဲ့သည်။

ရာသီအလိုက်ချိန်ညှိထားသော လအလိုက် အခြေအနေတွင် အသုံးစရိတ်သည် ၁ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ခန့်မှန်းထားသည့် ၀ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းမှုထက် ပိုမိုများပြားခဲ့သည်။

စားသုံးသူအသုံးစရိတ်သည် ပြန်လည်နာလန်ထူရန် လမ်းကြောင်းပေါ် မရောက်သေးဟု ထင်ရသည်ဟု ဗီဝဗေဒပညာရှင် မာဆာတိုကောအိကေက ရှင်းလင်းပြောကြားကြောင်း သိရသည်။ **Mon**



ဗီယက်နမ်ဈေးသည်တစ်ဦး တရုတ်နိုင်ငံ ကောင်းရှီကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ် ဒုန်ရှင်းမြို့ရှိ လမ်းပေါ်တွင် ဗီယက်နမ်ရိုးရာမုန့်များ ရောင်းချနေသည်ကို တွေ့ရစဉ်။ **Mon**

## ထိုင်းနိုင်ငံမှ ဆာလောင်နေသော ဆင်ကြီးတစ်ကောင် စားသောက်ကုန်များကို သူ့သဘောနှင့်သူ စားသောက်ခဲ့

**ဘန်ကောက် ဇွန် ၆**

ထိုင်းနိုင်ငံမှ ဆာလောင်နေသော ဆင်ကြီးတစ်ကောင် ယမန်နေ့က အနီးရှိအမျိုးသားဥယျာဉ်ထဲမှ ထွက်လာပြီး စတိုးဆိုင်ရှိ စားသောက်ကုန်များကို သူ့သဘောနှင့်သူ စားသောက်သည့်ဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အဆိုပါဖြစ်ရပ်ကို မှတ်တမ်းတင်ထားသော ဗီဒီယိုများတွင် ထိုင်းနိုင်ငံအရှေ့မြောက်ပိုင်းရှိ ခါပိုရိုင်အမျိုးသားဥယျာဉ်အနီး၊ လမ်းမကြီးဘေးတွင် တည်ရှိသည့်ဆိုင်ရှေ့၌ ပလိုင်ဘိုင်လက်ဟုအမည်ရသည့် ဆင်ထီးကြီး ခဏရပ်နားပြီးနောက် ဆိုင်အတွင်းသို့ တစ်ကိုယ်လုံးတိုးဝင်ရောက်လာသည်ကို တွေ့ရသည်။

ထိုဆင်ကြီးသည် ဆိုင်ရှေ့တွင် ရပ်လျက် အေးအေးဆေးဆေး မုန့်များကို ကောက်ယူစားသောက်နေခဲ့ပြီး အမျိုးသားဥယျာဉ်ဝန်ထမ်းများက မောင်းထုတ်ရန် ကြိုးစားသော်လည်း လန့်မသွားဘဲ ဆက်လက်စားသောက်နေခဲ့သည်။

နောက်ဆုံးတွင် ဆင်ကြီးသည် မုန့်အိတ်တစ်အိတ်ကို နှာမောင်းဖြင့်ကိုင်ပြီး ဆိုင်မှ နောက်ပြန်ထွက်သွားခဲ့သည်။ ကြမ်းပြင်နှင့် ဆိုင်မျက်နှာကျက်ပေါ်တွင် ရွံ့ချောင်းများသာ ကျန်ရစ်ခဲ့ပြီး အခြားပျက်စီးမှုများ မရှိသလောက်နည်းခဲ့ကြောင်း သိရသည်။ **Mon**



## STOP AIDS

## ကာတီးယားကုမ္ပဏီလုပ် ကျောက်စိမ်းနှင့် စိန်များပါဝင်သည့် သရဖူ စတာလင်ပေါင် 889400 ဖြင့် ယမန်နေ့က လေလံတင်ရောင်းချခဲ့

**လန်ဒန် ဇွန် ၆**

ဗြိတိသျှပါလီမန်တွင် ပထမဆုံးအမျိုးသမီးအမတ်အဖြစ် နေရာရခဲ့သူပိုင်ဆိုင်သော ကာတီးယားကုမ္ပဏီလုပ် ကျောက်စိမ်းနှင့် စိန်များပါဝင်သည့် သရဖူတစ်ခုကို စတာလင်ပေါင် ၈၈၉၄၀၀ ဖြင့် ယမန်နေ့က ရောင်းချခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

အမေရိကန်၌ မွေးဖွားခဲ့သူ ပါလီမန်အမတ် နန်စီအက်စတာသည် ၁၉၁၉ ခုနှစ်တွင် ပလိုင်းမောက်ဆတ်တွန် မဲဆန္ဒနယ်အတွက် ပါလီမန်အမတ်အဖြစ် ရွေးချယ်တင်မြှောက်ခံခဲ့ရပြီး ၁၉၄၅ ခုနှစ်အထိ ထိုနေရာတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

လန်ဒန်လေလံအိမ် ဘွန်ဟမ်းစ်က ထိုသရဖူကို ၁၉၃၀ ခုနှစ်တွင် ဝယ်ယူပြီးနောက် ပထမဆုံးအကြိမ်အဖြစ် လေလံတင်ရောင်းချခြင်းဖြစ်ကြောင်း ထုတ်ပြန်ကြေညာသည်။

အဆိုပါသရဖူကို ၁၉၃၁ ခုနှစ်က လန်ဒန်ရှိ ဒိုမီနီယံကဇာတ်ရုံတွင် မြို့တော်အလင်းများ ရုပ်ရှင်မိတ်ဆက်ပြသပွဲ အခမ်းအနားသို့ Lady Astor ဝတ်ဆင်တက်ရောက်ခဲ့ကြောင်း ထိုလေလံအိမ်က ဖော်ပြသည်။ သရဖူတွင် တစ်လုံးတည်းဖြတ်ထားသောစိန်၊ နှင်းဆီပုံစံဖော်ထားသောစိန်နှင့် ကျောက်စိမ်းအမောက်သုံးခုပါဝင်ကြောင်း သိရသည်။ **Mon**



# ပခုက္ကူမြို့နယ်အတွင်း အများပြည်သူ သွားလာအသုံးပြုနေသည့် လမ်းများပေါ်၌ PDF အမည်ခံအကြမ်းဖက်သမားများ ထောင်ထားသည့် လက်လုပ်မိုင်းများ ထပ်မံတွေ့ရှိသဖြင့် ဖယ်ရှားရှင်းလင်း

နေပြည်တော် ဇွန် ၆

PDF အမည်ခံအကြမ်းဖက်သမားများသည် အများပြည်သူများ အထိတ်တလန့် ဖြစ်စေရန်၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နေမှုများကို နှောင့်ယှက်ရန်၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အခက်အခဲများ ဖြစ်ပေါ်စေရန်နှင့် အကြောက်တရားများ ပိုမိုဖြစ်ပေါ်စေရန် ရည်ရွယ်၍ မြို့၊ ရွာ၊ ရပ်ကွက်၊ ကျေးရွာများ၊ လမ်း၊ တံတားများ၌ မိုင်းထောင်ဖောက်ခွဲခြင်းများကို လုပ်ဆောင်လျက်ရှိရာ ဇွန် ၁ ရက်တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့မှ ပေါက်မြို့သို့သွားသည့် အများပြည်သူသုံးလမ်းများပေါ်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများအား တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သတင်းထုတ်ပြန်ထားပြီးဖြစ်သည်။

ယနေ့တွင်လည်း ပခုက္ကူမြို့နယ်အတွင်းရှိ အများပြည်သူသုံးလမ်းများပေါ်၌ လက်လုပ်မိုင်းများ တွေ့ရှိကြောင်း ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ ယနေ့မွန်းလွဲပိုင်းတွင် ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ကျေးရွာနှင့် ကမ္မမြို့အကြား ကားလမ်းမဘေး ဘယ်ညာတစ်လျှောက်၌ PDF အမည်ခံ အကြမ်းဖက်သမားများ ထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများ ဖြစ်သည့် ကျောက်စည်မိုင်း၊ သံပိုက်မိုင်း၊ ပီပါမိုင်း၊ သံပုံးမိုင်း၊ ငါးဂါလန်ရေပုံးမိုင်း၊ နင်းမိုင်း၊ မြေအိုးမိုင်း၊ ရေသန့်ဘူးကြီးမိုင်းနှင့် ကျောက်ပုံးမိုင်း၊ စုစုပေါင်း မိုင်း ၂၂ လုံးတို့ကို ထပ်မံဖော်ထုတ် တွေ့ရှိခဲ့သဖြင့် အများပြည်သူများ အသက်အန္တရာယ်မဖြစ်ပေါ်စေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စနစ်တကျ ဖယ်ရှားရှင်းလင်းခဲ့ကြောင်း သိရသည်။

PDF အမည်ခံအကြမ်းဖက်သမားများ၏ ယခုကဲ့သို့ ပြည်သူများအပေါ် ထိခိုက်ပျက်စီးဒဏ်ရာရရှိစေရန် လုပ်ဆောင်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များအပေါ် ပြည်သူလူထုက လုံးဝလက်ခံနိုင်ခြင်းမရှိဘဲ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော လုံခြုံရေး လုပ်ငန်းစဉ်များအား တိုးမြှင့်ဆောင်ရွက်လျက် ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်

ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံအကြမ်းဖက်သမားများ လက်လုပ်မိုင်းများထောင်ထားသည့် တည်နေရာပြပုံ




ပခုက္ကူမြို့နယ် ညောင်ဂျစ်ပင်ရွာနှင့် ကမ္မမြို့အကြား PDF အမည်ခံအကြမ်းဖက်သမားများထောင်ထားသည့် ဒေသန္တရ လက်လုပ်မိုင်းများအား တွေ့ရှိရစဉ်။



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားနှင့် စိုက်ပျိုးရေမျာ<br>း ရရှိစေရေးအတွက် မြစ်ချောင်းများကို အကျိုးရှိစွာ အသုံးပြုရမည်ဖြစ်...

❖ မိုးနည်းသည့်ဒေသများတွင် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေများ လုံလောက်စွာရရှိနိုင်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ပြုလုပ်သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီ( ၄/၂၀၂၅)အစည်းအဝေးသို့တက်ရောက်အမှာစကားပြောကြား

## မိုးတွင်းကာလရောက်ရှိလာပြီဖြစ်သည့်အတွက် ဖြစ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တွက်ချက်၍ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ထိခိုက်ပျက်စီးမှုအနည်းဆုံးဖြစ်အောင် လုပ်ဆောင်ရမည်

နေပြည်တော် ဇွန် ၆

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ အဆောက်အဦများ ပြန်လည်ပြုပြင်အသုံးပြုရေးနှင့် အသစ်တည်ဆောက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မောင်မောင်အေး၊ ကော်မတီ ဒုတိယဥက္ကဋ္ဌများနှင့် ကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ စာမျက်နှာ ၆ သို့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာကော်မတီ (၄/၂၀၂၅)အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။



### အလက်စကာရှိ ဒါလ်တန် အဝေးပြေးလမ်းမကြီး

အမေရိကန်ပြည်ထောင်စု၊ အလက်စကာဒေသရှိ ဂျိန်းစ် ဒဗလျူဒါလ်တန် အဝေးပြေးလမ်းမကြီးကို များသောအားဖြင့် ဒါလ်တန် အဝေးပြေးလမ်းမကြီးဟု ခေါ်ကြပြီး အလက်စကာ အမှတ်(၁၁) လမ်းမကြီးအဖြစ် သတ်မှတ်ထားသော လမ်းတစ်ခုလည်းဖြစ်သည်။ ၎င်းကို မြောက်ဘက်တောင်စောင်းခရီးလမ်းဟု ယခင်က ခေါ်ဝေါ်ကြကာ အချို့က အဆိုပါအမည်ကို ယခုတိုင် ခေါ်ဝေါ်ကြသေးသည်။

အဆိုပါ လမ်းမကြီးသည် ၄၁၄ မိုင် ရှည်လျားပြီး အလက်စကာ အလယ်ပိုင်းရှိ ဖဲယားဘန့်စ်မြို့၏ မြောက်ဘက် ၈၄ မိုင်အကွာ လစ်ဗင်းဂွတ်မြို့ငယ်လေးရှိ သည့် အဲလ်လီယက် အဝေးပြေးလမ်းမကြီးမှ စတင်ကာ မြောက်ဘက်အာတိတ်သမုဒ္ဒရာ ကမ်းရိုးတန်းအနီးရှိ ရေနံထွက်ရှိသည့် ဒတ်ဟော့မြို့တွင် အဆုံးသတ်သွားသည်။ ၎င်းလမ်းမကြီးကို Trans-Alaska ရေနံပိုက်လိုင်းဘေးအတိုင်း တောက်လျှောက်ဖောက်လုပ်ထား သည်။ ထိုအဝေးပြေးလမ်းမကြီးသည် ကမ္ဘာပေါ်တွင် အန္တရာယ်အရှိဆုံးလမ်းများထဲမှတစ်ခုဟု အများက သတ်မှတ်ထားကြသည်။

အဆိုပါ အဝေးပြေးလမ်းမကြီးတစ်လျှောက်တွင် အလွန်သေးငယ်သော မြို့သုံးမြို့သာရှိသည်။ ထိုမြို့ငယ်များမှာ လူဦးရေ စာမျက်နှာ ၅ သို့